# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ် မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်များ တက်ရောက် အားပေးကြည့်ရှုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ



“မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၃) (ပြန်ကြားရေးဝန်ကြီးဌာန)

ဆောင်းပါး | စာ ၁၀

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၀၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

ပြည်တွင်းသတင်း | စာ ၂

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူ ၈၀၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား

ပြည်တွင်းသတင်း | စာ ၆

## ရေရှည်တည်တံ့သည့် သဘာဝပတ်ဝန်းကျင်နှင့် အစိမ်းရောင်ကျွမ်းကျင်မှု

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုဖြစ်ရပ်များကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်နေရသည်။ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ဆက်စပ်၍ ကမ္ဘာ့ဒေသအနှံ့အပြားတို့တွင် ပုံမှန်မဟုတ်သော အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိရာ မိုးသည်းထန်စွာအဆက်မပြတ်ရွာသည့် ဒေသများတွင် ရွာသွန်းနေပြီး ပူပြင်းခြောက်သွေ့မိုးခေါင်နေသည့် ဒေသများလည်း ရှိနေသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့သည် ဒုတိယထောင်စုနှစ်သို့ ကူးပြောင်းချိန်တွင် ကမ္ဘာကြီးကို သိသာထင်ရှားစွာ ခြိမ်းခြောက်လာသည့် ပြဿနာဖြစ်သည်။ ကမ္ဘာကြီးကို လွှမ်းခြုံထားသည့် လေထုထဲတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်စီဂျင် ၂၁ ရာခိုင်နှုန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ မီသိန်း၊ အာဂွန်၊ နိုက်ထရပ်စ်အောက်ဆိုဒ် အစရှိသော အခြားဓာတ်ငွေ့များက ၁ ရာခိုင်နှုန်းခန့်သာပါဝင်ပြီး ကမ္ဘာကြီး၏ သင့်တင့်မျှတသောအပူချိန်နှင့် လူ၊ အပင်၊ သတ္တဝါများ၏ ရှင်သန်နိုင်မှုတို့က လေထုထဲရှိ ဓာတ်ငွေ့များ၏ မျှခြေပေါ်တွင် မူတည်နေသည်။ ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားလာခြင်းနှင့် ခေတ်မီတိုးတက်လာခြင်းအပြင် လူသားတို့၏ ပယောဂကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားလာခဲ့ရာ ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းနှင့်အတူ ရာသီဥတု ပြောင်းလဲသည့် အကျိုးဆက်တို့ ဖြစ်ပေါ်လာခဲ့သည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်းနှင့် လူသားတို့အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းစေခြင်း၊ သီးနှံအဖျက်ပိုးများ ပေါက်ပွားနှုန်းမြင့်မားလာစေခြင်း၊ ဇီဝမျိုးစိတ်အချို့ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ လူသားတို့ ကျန်းမာရေးကိုထိခိုက်စေသည့် ပိုးမွှားများပေါက်ပွားရာဒေသများ ကျယ်ပြန့်လာခြင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့မှ စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ထိခိုက်စေခြင်း စသည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေခြင်းကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို ဟန့်တားတိုက်ဖျက်ရန်မှာ လူသားထုတစ်ရပ်လုံး၏ တာဝန်ဖြစ်လာသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့်၊ ကမ္ဘာကြီးပူနွေးလာရခြင်းသည် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့်ဟူ၍ ဖြစ်ရာ ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့ပမာဏ များပြားလာမှုကို လျှော့ချနိုင်ရန် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် ကမ္ဘာကြီးပူနွေးလာမှုကို (Greenhouse Effect) "မှန်လုံအိမ်အာနိသင်" ဟုဆိုပြီး မှန်လုံအိမ်အာနိသင်ဖြစ်ရခြင်းသည် (Greenhouse Gases) "မှန်လုံအိမ်ဓာတ်ငွေ့များ" တိုးပွားလာခြင်းကြောင့်ဟုဆိုသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ အနည်းဆုံးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေဘဲ လူမှုစီးပွားဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လုပ်ဆောင်သည့်စီးပွားရေးလုပ်ငန်းကို (Green Economy) "အစိမ်းရောင်စီးပွားရေး" ဟုဆိုသည်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်ဆိုင်သမျှတို့သည် အစိမ်းရောင်အလုပ်အကိုင်၊ အစိမ်းရောင်ပြောင်းလဲမှု၊ အစိမ်းရောင်ကျွမ်းကျင်မှု စသည်ဖြင့်ဖြစ်ရာ အနာဂတ်ကမ္ဘာကြီးတွင် လူသားများ၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင် မထိခိုက် မပျက်စီးစေရေးအတွက် ဆက်လက်ဆောင်ရွက်ကြရမည့်သူများမှာ ယနေ့လူငယ်များဖြစ်ပြီး ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် လူငယ်များတွင် (Green Skills) " အစိမ်းရောင်ကျွမ်းကျင်မှု" တို့ ရရှိနေရန်လိုအပ်သည်။

လူငယ်များတွင် အစိမ်းရောင်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန်အတွက် မူဝါဒချမှတ်ခြင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအထောက်အပံ့များ ဆောင်ရွက်ခြင်းတို့အတွက် ပြီးခဲ့သည့် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာလူငယ်များနေ့ ကုလသမဂ္ဂ၏ တိုက်တွန်းချက်တွင် ဖော်ပြခဲ့ရာ လူသားကမ္ဘာ၏ အနာဂတ်နှင့် နိုင်ငံ၏အနာဂတ်အကျိုးအတွက် လူငယ်များ၏ အစိမ်းရောင်ကျွမ်းကျင်မှုများကို မြှင့်တင်ကြရပါမည့်အကြောင်း။ ။




ကျန်းမာရေးဝန်ကြီးဌာန

"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရေဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေလေးသိန်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ရေဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေလေးသိန်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ရေဝတီကမ်းနားလမ်း ဂေါဝိန်ဆိပ်ကမ်းရှိ ကရဝိက် ရေပေါ်ဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်းက တိုင်းဒေသကြီးအတွင်း ငါးမျိုးမပြုန်းတီးစေရေး၊ ငါးမျိုးပြန့်ပွားစေရေးနှင့် ဒေသတွင်းငါးစားသုံးမှု ဖူလုံစေရေးတို့အတွက် နှစ်စဉ် ငါးသားပေါက်များကိုသရက်ကုန်း၊ ကူမဲ၊ နတ်ရေကန်နှင့် ရေနံ့သာ စသည့် ငါးသားဖောက်စခန်းလေးခုမှ မွေးမြူထုတ်လုပ်ပေးနေမှု၊ ရေဝတီမြစ်နှင့် သဘာဝမြစ်ချောင်းအင်းအိုင်၊ ကန်၊ ဆည်တမံများအတွင်း အခမဲ့စိုက်ထည့်ပေးနေမှုကိုလည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန (သရက်ကုန်း)မှ တာဝန်ခံ ဒေါက်တာဝါဝါဖူးက ငါးစာ ကိုယ်တိုင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ငါးသားပေါက်များကို ကရဝိက် ရေပေါ်ယာဉ်မှ ရေဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ပြန့်ပွားစေရန်၊ ဒေသတွင်းငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေချိုငါးများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ယခုငါးမျိုးစိုက်ထည့်မှုတွင် ငါးသားဖောက်စခန်းလေးခုမှ နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေတစ်သိန်းနှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေသုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေလေးသိန်း စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၀၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၀၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❑ *ရှေ့ဖုံးမှ*

ဦးစွာ ဖျော်ဖြေပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက နိုင်ငံတကာ သံစုံတီးဝိုင်းများနှင့် နိုင်ငံတော်သံစုံတီးဝိုင်း အကြောင်း အရာအကျဉ်းအား ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် တူရိယာများဆိုင်ရာ Annimation Video Clip ကို တင်ဆက်ပြသသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်းမှ နိုင်ငံတော် သီချင်းကို တီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက မတ်တတ်ရပ် အလေးပြုကြသည်။

### ဖျော်ဖြေတင်ဆက်

ဆက်လက်ပြီး ASEAN Anthem သံစဉ်နှင့် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမ တေးသွား(MNSO Overture) တို့ကိုလည်းကောင်း၊ တူရိယာအမျိုးအစား များအလိုက် တီးမှုတ်တင်ဆက်၍လည်းကောင်း နိုင်ငံတော်သံစုံတီးဝိုင်း အဖွဲ့သားများက ဖျော်ဖြေ တင်ဆက်ကြသည်။



### ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ တွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံ ရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတအနုပညာရှင် များက မြန်မာသံစဉ်များ၊ ခေတ်ပေါ်သံစဉ်များနှင့် နိုင်ငံတကာ ကမ္ဘာကျော်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ ကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပ အဆိုရှင်များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြု ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေး အဖွဲ့သူ၊ အဖွဲ့သားများနှင့် တက်ရောက်လာကြသည့် နိုင်ငံကျော် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသူများ၊ နိုင်ငံကျော် အနုပညာရှင်များနှင့် လက်ဖက်ရည်ဝိုင်းတွင် အတူ တကွ သုံးဆောင်ကြပြီး သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က နိုင်ငံကျော်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွဲ့စည်းထားရှိသည့် နိုင်ငံတော် သံစုံတီးဝိုင်းကို နိုင်ငံတကာရှိခေတ်မီသံစုံတီးဝိုင်းများ တွင် ပါဝင်ဖွဲ့စည်းလေ့ရှိသည့် တူရိယာပစ္စည်းများဖြင့် စုံလင်စွာ ဝယ်ယူတပ်ဆင်ပြီး တူရိယာပညာရှင် ၄၈ ဦး၊ Conductor တစ်ဦး စုစုပေါင်း ၄၉ ဦးတို့ဖြင့် စုဖွဲ့ကာ ဌာနရှိ ခေတ်ပေါ်တီးဝိုင်းမှ တေးသံရှင် ခြောက်ဦး တွဲဖက်၍ စုစုပေါင်းအင်အား ၅၅ ဦးဖြင့် ဖျော်ဖြေတင်ဆက်ရန် စုဖွဲ့လေ့ကျင့်ထားသည့်အပြင် နိုင်ငံကျော်တေးသံရှင်များနှင့် ပေါင်းစပ်ပြီးလည်း ဖျော်ဖြေတင်ဆက်နိုင်ရန် ပြင်ဆင်ထားရှိကြောင်း၊ နိုင်ငံတော်သံစုံတီးဝိုင်းကို နိုင်ငံတော်အဆင့် အခမ်း အနားများ ၊ နိုင်ငံခြား ဧည့်သည်တော်များအတွက် ဂုဏ်ပြုညှေ့ခံပွဲများနှင့် နိုင်ငံတော်အဆင့် တေးဂီတ ဖျော်ဖြေပွဲများတွင် တင်ဆက်နိုင်ရန် ရည်ရွယ်ချက် ဖြင့် ဝန်ထမ်းအင်အားနှင့် တူရိယာပစ္စည်းများ အဆင့်ဆင့် ဖြည့်ဆည်းမှုတို့ဖြင့် ပြင်ဆင်လေ့ကျင့်ခဲ့ ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် တူရိယာအမျိုးအစား စုံလင်သော အလယ်အလတ်ရှိသည့် (Chamber Orchestra) ပုံစံဖြင့် မိတ်ဆက် ဖျော်ဖြေတင်ဆက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သံစုံတီးဝိုင်းနှင့် တွဲဖက်၍ နိုင်ငံကျော်အဆိုတော်တစ်ဦး၏ သီဆိုဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ပအဆိုရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ် ချီးမြှင့်စဉ်။

# အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေး အားလုံးအတူတကွလက်တွဲကြိုးပမ်းသွားရမည်

**နေပြည်တော် ဩဂုတ် ၁၃**

(၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (8th ASEAN Ministerial Meeting on Drug Matter – AMMD) ကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျင်းမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦး တက်ရောက်ခဲ့ပြီး အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် လာအိုနိုင်ငံ၊ ဗီယင်ကျင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တပ်မတော် အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။






**အဖွင့်အမှာစကားပြောကြား**

(၈) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol.Gen. Vilay Lakhamfong က အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များက အဖွင့်အမှာစကား ပြောကြားကြရာတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကမ္ဘာပေါ်ရှိ နိုင်ငံအများစု၌ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည်အဓိကခြိမ်းခြောက်လျက်ရှိသည့် ပြဿနာဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းကျူးလွန်သူဂိုဏ်းအဖွဲ့များ၏ ကွန်ရက်ကျယ်ပြန့်မှု၊ မှောင်ခိုဈေးကွက် ချဲ့ထွင်လာမှုများကြောင့် မူးယစ်ဆေးဝါးပြဿနာကို ပိုမိုရှုပ်ထွေးလာစေကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများနှင့် ဆက်နွှယ်နေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့်မှုခင်းများကို အထောက်အပံ့ဖြစ်စေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း။

**ဖမ်းဆီးအရေးယူနိုင်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုတို့ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

**ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်**

ဘိန်းစိုက်ပျိုးရာဒေသများ၌ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင်သဖြင့် နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံရေးရောယှက်မှုများကင်းရှင်းစွာ သတင်းအချက်အလက်ဖလှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအတွေ့အကြုံကောင်းများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်တွင် မူးယစ်ဆေးဝါး ကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေး အားလုံးအတူတကွ လက်တွဲကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ အာဆီယံကိုယ်စားလှယ်ခေါင်းဆောင်များက (၆၇) ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (CND) အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ၊ အာဆီယံ၏ လတ်တလော မူးယစ်ဆေးဝါးအခြေအနေများ၊ (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၅)နှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Gen. Vilay Lakhamfong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Bilateral တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ–လာအို ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာအရ နှစ်စဉ်အပြန်အလှန်အစည်းအဝေးများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် Online လိမ်လည်ရာဇဝတ်မှုများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ မြန်မာ–လာအို နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့အား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol.Gen. Vilay Lakhamfong က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ဖလှယ်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ကြိုတင်ရောက်ရှိနေသည့် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် (၈) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၏ အာဆီယံအဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့သည်။

**ဆွေးနွေးခဲ့**

အစည်းအဝေးတွင် ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ASOD အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ဝင်းနိုင်က ယင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကျဉ်းချုပ်ဆွေးနွေးတင်ပြခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ (၆၇) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် (CND) အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်(မူကြမ်း)နှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ (၈) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးအစီအစဉ်နှင့် သဘာပတိမိန့်ခွန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းအစီရင်ခံစာ ၂၀၂၂ ခုနှစ် ထုတ်ပြန်နိုင်ရေးများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## လဟယ်မြို့နယ် မွန်ထွေကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မွန်ထွေကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူ ၉၂ ဦးတို့ကို သွေးတိုးရောဂါ၊ အထွေထွေအားနည်းရောဂါ၊ ဖျားနာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးအား အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရှင်းလင်းဆောင်၌ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ပြည်တွင်းမှ ပုံနှိပ်ထုတ်ဝေသော မြန်မာနိုင်ငံဆိုင်ရာ စာစုများကို စုဆောင်းထိန်းသိမ်းခြင်း၊ စာအုပ်စာတမ်းနှင့် စာအုပ်မဟုတ်သော အခြားစာပေပစ္စည်းများကို ပြည့်စုံစွာရရှိနိုင်ရေး စုဆောင်းထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားစာကြည့်တိုက် ဥပဒေနှင့်အညီ စာစုများရရှိနိုင်ရေးအတွက် ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များ သိရှိနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ အမျိုးသားစာစုစာရင်း (National Bibliography) ကို ပြုစုထုတ်ဝေခြင်း၊ စာကြည့်တိုက်အချင်းချင်း ဆက်သွယ်ငှားရမ်းရေး (Interlibrary Loan)ကို နိုင်ငံတကာနှင့် ဆက်သွယ်၍ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှေ့တောင်အာရှဒေသနိုင်ငံများကို ပထမဦးစားပေးချိတ်ဆက်ဆောင်ရွက်သွားရန်၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အနေဖြင့် ပြည်သူလူထုအား စာကြည့်တိုက်ဝန်ဆောင်မှုနှင့် သုတပညာဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ရာ၌ Online မှ ဝန်ဆောင်မှုများပေးနေသည့်အပြင် စာကြည့်တိုက်သို့ လာရောက်၍ စာဖတ်ရှုသူဦးရေ ယခုထက် ပိုမိုများပြားစေရေးအတွက် ဖိတ်ခေါ်၍ စာဖတ်ရှုသူများ ပြားလာစေရန် ပညာပေးလှုပ်ရှားမှုများ၊ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ အလင်္ကာကျော်စွာစည်သူ တက္ကသိုလ်မြတ်သူ စာစုခန်း၊ ကလေးစာဖတ်ခန်း၊ အီလက်ထရွန်နစ် စာဖတ်ခန်း၊ Bibliographic Services ဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ်၊ Data Center တည်ဆောက်ထားမှုနှင့် e-Library စနစ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**



**အမွေအနှစ်ဗဟိုဌာနဖြစ်စေရန် ရည်ရွယ်**

အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို မြန်မာအမျိုးသားစာပေစု အမွေအနှစ် ဗဟိုဌာနဖြစ်စေရန် ရည်ရွယ်၍ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ စားရေရိက္ခာ ဖူလုံစေရေးနှင့် လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ

ပဲခူး ဩဂုတ် ၁၃

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၏ စားရေရိက္ခာဖူလုံစေရေးနှင့် သီးခြားလိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။**



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ သာသနာ့ဗိမာန်အောက်ထပ်၌ ဖွင့်လှစ်ထားသည့် သဘာဝဘေး ကွပ်ကဲမှုရုံးသို့ ရောက်ရှိခဲ့ပြီး ရေဘေးဖြစ်ပွားသည့် နယ်မြေအလိုက် တာဝန်ပေးထားသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများအား ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများတွင် စားရေရိက္ခာ ဖူလုံစေရေးနှင့် လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုး ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လာရောက်လှူဒါန်းထားသည့် ထမင်းထုပ်များအား ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်သည့် နေအိမ်များတွင် အိမ်စောင့်ရန် ကျန်ရှိခဲ့သော ပြည်သူများအတွက် ထမင်းထုပ်များ အချိန်မီရောက်ရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ အဝင် တိုးဂိတ်အနီး ကားလမ်း ရေကျော်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး မြေပြင်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးသည်။ ၎င်းနောက် ပဲခူးမြို့ ရပ်ကွက်ကြီး(၉) မွန်စုချမ်းမြသုခ လူမှုကူညီရေးရုံး၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ရှောင်စခန်းသို့ ရောက်ရှိခဲ့ပြီး ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကာ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

**တွေ့ဆုံအားပေးစကားပြော**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်း၌ ဝန်ကြီးများ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူးနှင့်အတူ ကလိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်း၊ ဖိုင်းဂနိုင်းမြောက်ပိုင်း အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းနှင့် ရွာသစ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းနှင့် ဒက္ခိဏ သာခါရာမ ကျောင်းတိုက်၌ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အခြေခံစားသုံးကုန်များ၊ အသင့်စား ခေါက်ဆွဲခြောက်နှင့် မုန့်များ ထောက်ပံ့ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ကျောက်ကြီးစုရပ်ကွက်အတွင်း ရေကြီးနစ်မြုပ်သည့် နေအိမ်များတွင် အိမ်စောင့်ရန် ကျန်ရှိခဲ့သည့် ပြည်သူများအား တပ်မတော်သားများမှ စက်လှေများဖြင့် ထမင်းထုပ်များ ဝေငှနေမှုကို ကြည့်ရှုပြီး ကျောက်ကြီးစုရေတားတာကြံ့ခိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်မြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ပြည် ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပြည်မြို့နယ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေတို့က အမှာစကားများပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေခိုင်ဝင်းက မြို့နယ်အတွင်း ကျောင်းကျန်းမာရေး လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် မြို့နယ်အဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း (ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ) တို့တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တက်ရောက်လာကြသူများကို ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေး ဆရာဆရာမများက လက်ဆေးနည်း အဆင့်ဆင့်နှင့် စနစ်မှန်သွားတိုက်နည်းအား လက်တွေ့သရုပ်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းပညာရေးမှူးရုံး(ရုံးခွဲ) ပညာရေးမှူး ဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုအသင်းအဖွဲ့များ တက်ရောက်ကြပြီး ဆုရကျောင်းသား ကျောင်းသူများ၏ (ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံး) လက်ရာမွန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူ ၈၀၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား



ဩဂုတ် ၁၃ ရက် (ရုံးပိတ်ရက်) တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ ရုံးပိတ်ရက်တွင်လည်း နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ် အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်**

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးသည်။

ထို့နောက် ဘုရားဖူး ရဟန်းရှင်လူ၊ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ အလွယ်တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်း တည်ဆောက်ထားရှိရာ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် များစွာ အဆင်ပြေလှပြီး စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော် ကြည်ညိုနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

**စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညို**

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက် ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။

အဆိုပါ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော် ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ကျောက်စာရုံ၌ ပိဋကတ်သုံးပုံ ကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင်နီယာဦးစီးခန်းကြေး? 

*စာမျက်နှာ ၇ သို့*



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို စည်ကားများပြားစွာ ဤသို့တွေ့ရသည်။

*စာမျက်နှာ ၆ မှ*

အခြားအရပ်ဘက် ကျွမ်းကျင်ပညာရှင်များက စနစ်တကျ တွက်ချက်တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူများအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံစေတီတော်များ၏ ဗိသုကာလက်ရာ၊ အင်ဂျင်နီယာ ပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထား ကိုးကွယ်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။



ထို့ပြင် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ တည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌လည်း ဘုရားဖူးပြည်သူများအနေဖြင့် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**အပန်းဖြေအနားယူကြသူများဖြင့် စည်ကား**

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီးကိုလည်း ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားရှိမှုကိုလည်း ရဟန်း၊ ရှင်လူပြည်သူအများက ဝင်ရောက်လေ့လာ ကြည်ညိုကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

**ပြည်သူ ၈၀၀၀၀ ခန့် လာရောက်ဖူးမြော်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ ၈၀၀၀၀ ခန့် လာရောက် ဖူးမြော်ကြည်ညိုကြရာ အထူးပင် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**












# နိုင်ငံတော်ကြီးအေးချမ်းအောင် စောင့်ရှောက်ပေးတဲ့ပုဂ္ဂိုလ်များအားလုံး အန္တရာယ်ကင်း ဘေးရှင်းကြပါစေလို့ မာရဝိဇယဘုရားကြီး ဖူးမြော်ကြည်ညိုရင်း ဆုတောင်းမေတ္တာပို့ပါတယ်

ဆရာလေး ဒေါ်ဝေသီ


ဆရာလေး ဒေါ်ဝေသီ


ဦးဇော်ဝင်း


ဦးမြင့်အောင်


ကိုနေလင်း


ကိုငြိမ်းချမ်းအောင်


မစန္ဒာအေး

**နေပြည်တော်  ဩဂုတ်  ၁၃**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားသည့် ကမ္ဘာ့ညဏ်တော်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ အခမဲ့လာရောက် ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ ဆဋ္ဌမမြောက်နေ့ဖြစ်သည့် ဩဂုတ် ၁၃ ရက်တွင် ဖူးမြော်သူ ဧည့်ပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အစိုးရရုံးပိတ်ရက်ဖြစ်သဖြင့် အဖွဲ့အလိုက် ဘုရားဖူးအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာ လျှုဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာ လေ့လာကြည်ညိုနေမှုများကို မြင်တွေ့ရသည်။ ထို့ကြောင့် လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာ သာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းတင်ဆက်လိုက်ရပါသည်။

**ဆရာလေး ဒေါ်ဝေသီ (ပုဗ္ဗသီရိမြို့နယ်)**

မာရဝိဇယဘုရားကြီး စတင်တည်ထားကတည်းက ဖူးချင်တဲ့စိတ်က အမြဲရှိခဲ့တဲ့အတွက် အခုလို လာရောက် ဖူးမြော်ကြည်ညိုတာပါ။ ဒကာ၊ ဒကာမတွေနဲ့ စုပေါင်းပြီး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီး ပရိဝုဏ်ထဲရောက်ကတည်းက ကြည်ညိုသဒ္ဓါပွားရပါတယ်။ မာရဝိဇယဘုရားကြီးဟာ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ရာ ကောင်းပြီး ဘုရားကျောင်းကန်နဲ့အညီ ပြည့်စုံပါတယ်။ မြတ်စွာဘုရားရဲ့အဆုံးအမအတိုင်း တည်ထားကိုးကွယ်ထားခြင်းဖြစ်တဲ့အတွက်ကြောင့် အများပြည်သူ ရဟန်းရှင်လူပြည်သူအပေါင်းတို့အနေနဲ့ နိုင်ငံအနှံ့မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ လာရောက်ဖူးမြော်ကြပါလို့ ဆရာလေးအနေနဲ့ ဖိတ်မန္တကပြုပါတယ်။ နိုင်ငံတော်ကြီးအေးချမ်းအောင် စောင့်ရှောက်ပေးတဲ့ ပုဂ္ဂိုလ်များအားလုံး အန္တရာယ်ကင်း ဘေးရှင်းကြပါစေလို့ မာရဝိဇယဘုရားကြီး ဖူးမြော်ကြည်ညိုရင်း ဆုတောင်းမေတ္တာပို့ပါတယ်။

**ဦးဇော်ဝင်း (ပွင့်ဖြူမြို့နယ်)**

မာရဝိဇယ ရုပ်ပွားတော်ကြီးကို စပြီးတည်ဆောက်ပူဇော်မယ်လို့ ကြားသိတော့ ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေ အထွတ်အမြတ်ထားရာ ဘုရားကြီး တစ်ဆူကို တည်ဆောက်မယ်ကြားတော့ အင်မတန်မှ ဝမ်းသာစရာကောင်းပါတယ်။ ဒါကြောင့် မရောက် ရောက်အောင်လာမယ်လို့ စိတ်ထဲမှာ ကိန်းအောင်းနေပါတယ်။ ဗုဒ္ဓဘာသာသူတော်စင်တိုင်းဟာ ဒီလိုမျိုး ကြုံတောင့်ကြုံခဲဆိုတာက တစ်သက်မှာ တစ်ခါပဲ ကြုံရတာပါပဲ။

နေပြည်တော်ကြီး တည်ထောင်စဉ်ကတည်းက ကျွန်တော်တို့ စိတ်ဝင်စားတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာကို အင်မတန်မှ ဝမ်းမြောက်စရာ၊ ဂုဏ်ယူစရာတွေကို ကျွန်တော်တို့ ဂုဏ်ယူလို့ မဆုံးဘူး။ ဝမ်းသာလို့ မဆုံးဘူး။ တို့လူမျိုး၊ တို့ဘာသာ၊ သာသနာ၊ တို့နိုင်ငံကြီးမှာ သာယာဝပြောအောင် ဒီဘုရားကြီး စပြီးထုဆစ်ပူဇော်မယ်လို့ ကြားတော့ အားလုံးက ရင်ထဲမှာ၊ သူတော်စင်တိုင်းရဲ့ ရင်ထဲမှာ ကိန်းအောင်းနေတဲ့ စိတ်တွေ ပေါ်လာတယ်။ ဖြူစင်တဲ့ မေတ္တာတရားတွေနဲ့ ရင်ထဲမှာ ကျွန်တော်တို့ ကြည်နူးမိပါတယ်။ တို့မှာအမုန်းတရားတွေ မရှိဘူး၊ တို့ဘာသာမှာ မေတ္တာတရားတွေပဲ ရှိတယ်။ နောင်လာမယ့် ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်တွေက မေတ္တာတရားတွေ အပြည့်ရှိပြီးတော့ အရာရာတိုင်းကို ခွင့်လွှတ်နိုင်တဲ့ သူတော်စင်၊ သူတော်ကောင်း စိတ်ဓာတ်တွေ အမြဲကိန်းအောင်းပါစေလို့ ကျွန်တော် ဆုတောင်းလည်း ဆုတောင်းတယ်။ မေတ္တာလည်း ပို့ပေးပါတယ်။

**ဦးမြင့်အောင် (အုတ်တွင်းမြို့နယ်)**

ဘုရားကြီးကို လာချင်တာ တော်တော်ကြာပါပြီ။ ကျွန်တော့် ညီမဝမ်းကွဲတစ်ဦးက ကုသိုလ်ပြုပြီး လာရောက်ပို့ပေးတာ ဖြစ်ပါတယ်။ ရင်ထဲမှာဝမ်းသာပီတိဖြစ်မိပါတယ်။ မာရဝိဇယဘုရားကြီးကို ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရတော့ ကြည်ညိုရပါတယ်။ ဘုရားကြီးကို ကိုယ်တိုင်လက်တွေ့ ကြည်ညိုလိုက်တော့ ရင်ထဲမှာပျော်ပြီး ဝမ်းသာမိပါတယ်။ မာရဝိဇယဘုရားကြီးကို လာဖူးရတဲ့ ရည်ရွယ်ချက်လည်း အောင်မြင်ပါတယ်။ စိတ်ထဲမှာလည်း အေးချမ်းမှုရှိပါတယ်။

ဗုဒ္ဓဟောခဲ့တဲ့ တရားသဘောတွေကို အခုမှပိုပြီး ပေါ်သွားပါတယ်။ ကမ္ဘာနဲ့ စံချိန်တင်အောင် တည်ဆောက်ထားတဲ့၊ မြင့်မားတဲ့ ဘုရားကြီးကို ဖူးမြော်လိုက်ရတော့ ရင်ထဲမှာ ဝမ်းသာမဆုံးဖြစ်မိပါတယ်။ ပထမဦးဆုံးဘုရားကြီးကို မဖူးရခင် ဘုရားကြီးကို တက်လာစဉ်ကတည်းက လမ်းမှာ ကြက်သီးမွေးညင်းတွေထလာတယ်။ ဘုရားကြီးကို စပြီးတော့ ဖူးလိုက်ရတော့ နေပူလို့ ပူမှန်းတောင် မသိလိုက်ရဘူး။ ရင်ထဲမှာ ဝမ်းမြောက်ကြည်နူးမှုတွေဖြစ်ရတဲ့ ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဖူးခဲ့ရတာ အချည်းနှီး မဖြစ်တော့ပါဘူး။

**ကိုနေလင်း (မိတ္ထီလာမြို့နယ်)**

မာရဝိဇယဘုရားကြီးဟာ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆင်းတု ဘုရားကြီးဖြစ်တယ်လို့ ရုပ်မြင်သံကြားသတင်းတွေနဲ့ သတင်းစာတွေမှာ အမြဲဖော်ပြနေတဲ့အတွက် ဖူးဖြစ်အောင် ဖူးမယ်လို့ တွေးပြီး ရောက်လာခဲ့တာဖြစ်ပါတယ်။ ဘုရားကြီး တည်ဖို့ မိတ္ထီလာအနောက်ဘက်ကနေ စကျင်ကျောက်အပိုင်းကြီးတွေ သယ်စဉ်ကတည်းက ဘုရားကြီးကိုဖူးမြော်ချင်တဲ့ စိတ်တွေဖြစ်ပေါ်မိပါတယ်။ ဒီမနက်ပဲ မိသားစုနဲ့ လာရောက်ဖူးမြော်ဖို့ စပြီးထွက်လာကတည်း စိတ်လှုပ်ရှားမှုတွေ ဖြစ်ပေါ်ပါတယ်။ ဘုရားကြီးမုခ်အဝင်ရောက်ဖို့ တစ်မျှော်တစ်ခေါ်ကားတန်းရှည်ကြီးကို စောင့်လိုက်ရတာ အချိန်နည်းနည်း ပေးလိုက်ရပါတယ်။ အချိန်ပေးရပေမယ့် ပီတိဖြစ်ပါတယ်။ ဘုရားဖူးကားတန်းကြီးနဲ့ ဘုရားဖူးလာပြည်သူတွေက ပရိဝုဏ်ကြီးတစ်ခုလုံး အပြည့်ပါ။ ဓာတ်နိပါတ်တော်တွေ လေ့လာတဲ့အခါ အေးမြစွာ လေ့လာခွင့်ရပါတယ်။ စကျင်ကျောက်တွေရဲ့ ဂုဏ်သတ္တိက အဲကွန်းတွေ တပ်ထားသလားလို့တောင် ထင်ရပါတယ်။ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာ သက်သောင့်သက်သာစွာ လေ့လာနိုင်ဖို့ စကျင်ကျောက်တွေနဲ့ ပြုလုပ်ထားတယ်လို့သိရပါတယ်။ ကျွန်တော်တို့ဟာ ဗုဒ္ဓဘာသာဗမာလူမျိုးတွေဖြစ်တဲ့အတွက် တတ်အားသလောက်၊ တတ်နိုင်သလောက် ဘုရားကြီးအတွက် ပြည့်စုံအောင် လှူဒါန်းသွားကြဖို့လည်း တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

နေပြည်တော်မှာတည်ထားတဲ့ ကမ္ဘာ့ညဏ်တော်အမြင့်ဆုံး မာရဝိဇယဘုရားကြီးကို ရောက်ဖြစ်အောင် လာရောက် ဖူးမြော်ကြပါလို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက ပြည်သူတွေကို လာရောက်ဖူးမြော်ကြပါလို့ နှိုးဆော်လိုက်ရပါတယ်။

**ကိုငြိမ်းချမ်းအောင် (ပုဗ္ဗသီရိမြို့နယ်)**

ပထမဦးဆုံးအနေနဲ့ မာရဝိဇယဘုရားကြီးက ကမ္ဘာပေါ်မှာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ထဲမှာ အကြီးဆုံး၊ ဘုရားကြီးက တည်ထားတဲ့ ပုံစံကလည်း သမားရိုးကျတည်ထားတဲ့ စနစ်နဲ့လည်း မတူဘူး၊ ဘုရားကြီးက ခေတ်မီနည်းပညာတွေကို အသုံးပြုပြီးတော့ တည်ထားပါတယ်။ ကမ္ဘာမှာ မှတ်တမ်းတစ်ခုအနေနဲ့လည်း ဝင်ထားပါတယ်။ ဘုရားကြီးကို ကျွန်တော်ဒီမနက် စပြီးဖူးလိုက်တော့ မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ ရင်ထဲမှာ ကြည်နူးဝမ်းသာပီတိ ဖြစ်မိပါတယ်။ မာရဝိဇယဘုရားကြီးကို စကျင်ကျောက်တွေနဲ့ တည်ထားကိုးကွယ်တည်ဆောက်ထားတယ်လို့ သိရပါတယ်။ ရာသီဥတုပူနေပေမယ့် မာရဝိဇယဘုရားကြီး ရင်ပြင်ပေါ်သို့ တက်လိုက်တဲ့အချိန်မှာ အေးမြပြီး ကောင်းကင်တစ်ခုလုံးကဖြူကာ အတိုင်းမသိကြည်ညိုမိပါတယ်။

မာရဝိဇယဘုရားကြီးကို အနေကဇာတင်ပြီးတာ တစ်နိုင်ငံလုံးလည်း သိပြီးပါပြီ။ ဘုရားကြီးအကြောင်းကို ဆိုရှယ်မီဒီယာထဲမှာ ရေးထားတာတွေလည်း တွေ့ရပါတယ်။ အွန်လိုင်းမှာ ဖူးရတာနဲ့အပြင်မှာ အမှန်တကယ် ဖူးမြော်ရတာ တော်တော်လည်း ကွဲပြားမှုရှိပါတယ်။ အပြင်မှာ ဖူးမြော်ရတာက ကြည်ညိုဖို့လည်း အလွန်ကောင်းပါတယ်။

**မစန္ဒာအေး (ဇေယျာသီရိမြို့နယ်)**

ကျွန်မကတော့ နေပြည်တော်ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာကဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး လာရောက်ဖူးရတဲ့အကြောင်းရင်းက ရုပ်မြင်သံကြားသတင်းတွေ၊ အွန်လိုင်းသတင်းတွေ၊ နိုင်ငံပိုင်သတင်းစာတွေဖတ်ရပြီး ဖူးမြော်ချင်တဲ့ စိတ်ဆန္ဒတွေဖြစ်ပေါ်မိပါတယ်။ ရွာထဲက ရပ်ဆွေရပ်မျိုးတွေက သွားရောက်ဖူးမြော်ကြပြီး ပြန်လည်ရောက်ရှိလာတဲ့အခါ ဘုရားကြီးကြည်ညိုစရာကောင်းတဲ့ အကြောင်းတွေလည်း ပြန်ကြားရတော့ သူငယ်ချင်းတွေစုပြီး ဘုရားကြီးကို လာရောက်ဖူးမြော် ကြည်ညိုရခြင်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ညဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆင်းတု ဘုရားကြီးလည်းဖြစ်တယ်၊ တန်ဆောင်း၊ ပြာသာဒ်တွေ၊ ရေကန်တွေအပြင် ဓာတ်နိပါတ်တော်တွေပါ လေ့လာဖူးမြော်ခွင့်ရတဲ့အတွက် ဘုရားကြီး တည်ထားပေးတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ အလှူရှင်တွေကိုလည်း ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။ ဒီနေ့ မိုးမရွာတော့ဘုရားကြီး ရင်ပြင်တော်ပေါ်တက်တဲ့အခါ အောက်ကကျောက်ပြားတွေကို ပူလိမ့်မယ်လို့ ထင်ထားမိပါတယ်။ တကယ် ရင်ပြင်တော်ပေါ်ရောက်တဲ့အခါ နေပူခံ ကျောက်ပြားတွေနဲ့ ခင်းထားတဲ့အတွက် အေးမြနေတဲ့အရသာနဲ့ ဘုရားကြီးကို အေးအေးချမ်းချမ်း ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ ကျောက်စာတိုက်တွေကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။

**ဟိန်းထက်ဇော်၊ နေဝင်းထွန်း (မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဟိန်းထွန်း**

## ဘားအံမြို့၌ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်

**ဘားအံ  ဩဂုတ်  ၁၃**
ကရင်ပြည်နယ် ဘားအံမြို့၌ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘားအံ) တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက အမှာစကားပြောကြားပြီးနောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံ ပါဝင်မှု၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို အသိပညာပေး ဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါသင်တန်းတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဘားအံ) မှ ကျောင်းသား ကျောင်းသူ ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၂ ရက်မှ ၁၄ရက်အထိ ဖြစ်ကြောင်း သိရသည်။ **ဇော်ဘီ**



# ရွှေစက်တော်မန်းချောင်းအပန်းဖြေဆင်စခန်းတွင် ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မင်းဘူး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်ရှိ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်သည်။

ဦးစွာကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း ဧရိယာအတွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆင်များအတွက် အဓိက အထောက်အကူပြုမည့် မန်ကျည်းပင်ပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်း ရှင်းလင်းဆောင်တွင် အခမ်းအနားကို ဆက်လက်ကျင်းပပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ ကမ္ဘာပေါ်တွင် တဖြည်းဖြည်းရှားပါးလာသော အဖိုးတန်ရတနာဆင်များကို အလေးထား ဂုဏ်ပြုပေးရန်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ၎င်းတို့ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းနိုင်စေရန်နှင့် လူထုအတွင်း ဆင်များနှင့်ပတ်သက်၍ အသိအမြင်များ နိုးကြားလာစေရန်အတွက် နှစ်စဉ် ဩဂုတ် ၁၂ ရက်ကို ကမ္ဘာ့ဆင်များနေ့အဖြစ် သတ်မှတ်ပြီး တိရစ္ဆာန်အခွင့်အရေး တက်ကြွလှုပ်ရှားသည့် တစ်ကမ္ဘာလုံးရှိအဖွဲ့အစည်းပေါင်း ၁၀၀ ကျော်က အသိအမှတ်ပြု လက်ခံကျင်းပလာရခြင်းဖြစ်ပါကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် အာရှဆင်နှင့် အာဖရိက ဆင်ဟူ၍ မျိုးစိတ်နှစ်ခုသာ ကျန်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ဆင်များမှာ အာရှဆင်အမျိုးအစားဖြစ်ပြီး အာဖရိက ဆင်များထက် အရွယ်အစား ပိုမိုသေးငယ်သော်လည်း အသိပညာနှင့် မှတ်ဉာဏ်စွမ်းရည်များအပြင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ရှင်သန်နိုင်မှု စွမ်းရည်တို့မှာ အာဖရိကဆင်များထက် ပိုမိုသာလွန်မြင့်မားပါကြောင်း၊ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ဆင်များနေ့ ဆောင်ပုဒ်ဖြစ်သော **"ဆင်တွေကို ကူညီဖို့ လူသားအားလုံး စုစည်းစို့" (Bringing the World Together to Help Elephant)** ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုက ဆင်များကို ဝိုင်းဝန်းပူးပေါင်း ကာကွယ်ပြီး ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးမိုးမြင့်က ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆင်စခန်းရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ဆန်နှင့် ဆီများကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် တက်ရောက်လာသော တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဆင်စခန်းရှိ ဆင် ၁၂ ကောင်အတွက် ဆင်စာအလှူငွေများ ပေးအပ်လှူဒါန်း၍ ဆင်စာ ဘူဖေးကျွေးမွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



ထိုမှတစ်ဆင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်းဘူး (စကု) မြို့နယ် မင်းဘူး-အမ်းကားလမ်းမဘေး ဇီးအိုင်ကျေးရွာအနီးရှိ GEP Myanmar ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေသော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**

**(မင်းဘူး)**

# မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဘက်စုံကဏ္ဍစုံမှ ကူညီအားပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

အသားငါး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်နိုင်ရေးအတွက် လိုအပ်သော ကူညီမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် အသိပေးပြောကြားသည်။



ဒုတိယဝန်ကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကန်ကြီးမွေးမြူရေးဇုန်၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မွေးမြူရေးဇုန်တာဝန်ခံနှင့် မွေးမြူရေးလုပ်ငန်းရှင်များက ကန်ကြီးမွေးမြူရေးဇုန်မြေယာအသုံးပြုခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ဘက်စုံကဏ္ဍစုံမှ ကူညီအားပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခြေအနေကောင်း အချိန်အခါကောင်းကို အမိအရ အသုံးချပြီး မိမိတို့အကျိုးစီးပွားဖြစ်ထွန်းရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း၊ ဒေသ၏ အသား၊ ဥ ၊ နို့နှင့် နို့ထွက်ပစ္စည်း လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအပြင် မွေးမြူရေးထွက်ကုန် အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ချောများ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်သည်အထိ လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဖန်ဟွမွေးမြူရေးခြံ၌ အသားတိုးဝက်များနှင့် နို့စားနွား မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံ၊ ရွှေမြို့မွေးမြူရေးဇုန် ယူနီစန်ကုမ္ပဏီ၏ ဒေသနွားနှင့် နို့စားနွား မွေးမြူရေးခြံနှင့် စူပါကောင်းကုမ္ပဏီ နို့စားနွားမွေးမြူရေးခြံတို့သို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရွှေမြို့မွေးမြူရေးဇုန်ရှိ ဇီဝလုံခြုံမှု အဆင့်(၃) ရောဂါရှာဖွေရေးဓာတ်ခွဲခန်း တည်ဆောက်မည့်မြေနေရာနှင့် သုတေသနပြု တိရစ္ဆာန်များ မွေးမြူမည့် အဆောက်အအုံမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မွေးမြူရေးသုတေသနအနေဖြင့် ကုန်းနေသတ္တဝါဆိုင်ရာ တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းချောင်းအတွင်း ကျည်တောင်ကန်ကျေးရွာ ငါးမွေးမြူရေးတောင်သူ ဦးကြည်ထွန်း၏ ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူထားရှိမှုနှင့် ဒုတိယအကြိမ် ထိုင်းငါးခုံးမ ၁၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၁၃**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၃) (ပြန်ကြားရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### နတလ၊ ဖဖရနှင့် နာမည်ကျန်သွားသည့် နောင်တော်ကြီးများ

ကျွန်တော်က ၁၉၉၅ ခုနှစ်တွင် တပ်မတော်သားဘဝမှ နယ်ဘက်တာဝန် ကူးပြောင်းထမ်းဆောင်ခဲ့သူဖြစ်၏။ ထိုစဉ်က အများအခေါ် နတလတွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ ကချင်အထူးဒေသ(၁) နှင့် (၂)၊ မွန်၊ ကရင်၊ မော်ဖဒေသ(မက်မန်း)၊ ကဘော်ချိုင့်ဝှမ်းဒေသများသို့ အလှည့်ကျ သွားရောက်တာဝန်ထမ်းဆောင်နေရချိန်ဖြစ်သည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ၁၉၉၁၊ ၁၉၉၂ အချိန်ကာလများအထိ နယ်စပ်ဒေသများတွင် ကားလမ်းများ မပေါက်သေး။ တယ်လီဖုန်းမရှိ၊ ရုံးမရှိ၊ ကျောပိုးအိတ်တစ်လုံးနှင့် ရှေ့တန်းထွက်သလို သွားခဲ့လာခဲ့ကြရသည်။ ဆေးရုံဆေးခန်း၊ စာသင်ကျောင်း၊ စာတိုက်နှင့်ကြေးနန်းရုံးများ စသည်တို့ကို စတင်တည်ဆောက်ဖွင့်လှစ်ကြရသည်။ နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီအောက်က သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး ဝန်ထမ်းများလည်း ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသများသို့ ကူးချည်သန်းချည် သွားလာနေကြရပြီဖြစ်၏။ နတလလုပ်ငန်းကော်မတီကို တာဝန်ခံထားရသော ကျွန်တော်တို့နတလ(ထိုစဉ်ကဦးစီးဌာနအဖြစ်ပင် ဖွဲ့စည်းပုံမကျသေး)က လုပ်ငန်းအားလုံးကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနေရသော အချိန်ကာလတစ်ခုပါပေ။ ပန်ဆန်းမြို့အဖြစ် တဖြည်းဖြည်းကူးပြောင်းလာမည့် ပန်ဆန်းကျေးရွာငယ်လေးကို ပင်လျှင် ၁၉၉၂-၁၉၉၃ ခုနှစ်လောက်မှစတင်၍ မြေထိုးမြေညှိလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်၏။ လောက်ကိုင်သည်လည်းပဲ အစောပိုင်းကာလများက ရွာငယ်လေး တစ်ရွာမျှသာ…။

၁၉၉၄ ခုနှစ်မှာ စာပေနယ်သို့ ရောက်ရှိပြီး ကလောင်နာမည် မြင့်စိုး၊ မြင့်စိုး(လေးမျက်နှာ) တို့ဖြင့် နေ့စဉ်ထုတ်သတင်းစာများနှင့် မြက်ခင်းသစ် စသည်တို့မှာ ဆောင်းပါး၊ စာစုများ စတင်ရေးသားနေပြီ ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ရေးသားခဲ့သော “ကဘော်ချိုင့်ဝှမ်းဒေသ၊ နတလနှင့် ဘဝသစ်စီမံကိန်း” ဆောင်းပါးမှ အစပြု၍ ကလောင်အမည် မြင့်စိုး(နတလ)ကို ကျွန်တော် ယူခဲ့ခြင်းဖြစ်၏။ ကျွန်တော်ကိုယ်တိုင် ကိုးကန့်ဒေသ၊ ‘ဝ’ဒေသနှင့်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်တွေမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ မုန်တိုင်းတိုက်ခတ်မှုအပြီး သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

၁၉၉၆ ခုနှစ်က MTA အဖွဲ့ လက်နက်စွန့်ခဲ့သော ဟိုမိန်းဒေသများတွင် တာဝန်ထမ်းဆောင်အပြီးမှာ နယ်စပ်ဖွံ့ဖြိုးရေးဆောင်းပါးတွေ အရေးများလာခဲ့သည်။ အထူးသဖြင့် ၁၉၉၈ နှင့် ၂၀၀၄ ခုနှစ်ကြားမှာ အများဆုံးဖြစ်ပါလိမ့်မည်။ နယ်စပ်ဒေသများကို သွားခဲ့ကြသည့် နောင်တော်ကြီးများ၊ သူတို့၏ အတွေ့အကြုံများကို အမှတ်တရ ပြန်ရေးသောအခါ နာမည်တွေက အလိုလိုပါလာပါတော့သည်။ ဗိုလ်မှူးဌေးမြင့်၊ ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူးသန်းထူး၊ ဗိုလ်မှူးတင်မောင်အေး၊ ဗိုလ်မှူးစိုးသန်း၊ ဗိုလ်မှူးနေဝင်း၊ ဒုတိယဗိုလ်မှူးကြီး ညီဖြူ၊ ဒုတိယဗိုလ်မှူးကြီး သန်းဌေး၊ ဗိုလ်မှူးတင်ဝင်း၊ ဗိုလ်မှူးဉာဏ်လင်းမြင့်၊ ဗိုလ်မှူးတင်ဖေ၊ ဦးညီညီ၊ ဦးအေးလွင် စသည်ဖြင့်…။

မြင့်စိုး - မင်း ဆောင်းပါးရေးတိုင်း ငါ့နာမည် တစ်ခါမှ မပါဘူးကွ၊ ပန်ဆန်းကို ငါ အရင်ဆုံး သွားခဲ့တာ၊ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး နတလရုံးချုပ်ကို ကြေးနန်းပြန်ပို့တဲ့အခါ ပေးပို့သူလိပ်စာနေရာမှာ ဘယ်လိုနာမည်သုံးရမလဲဆိုတာ စဉ်းစားခဲ့ရတယ်။ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖွံ့ဖြိုးရေးကို ကိုယ်စားပြုရာရောက်တဲ့ ဖဖရဆိုတဲ့ စကားလုံးကိုလည်း ငါတို့ပန်ဆန်းကနေ စသုံးခဲ့တာ စသည်ဖြင့် နောင်တော်ကြီး ဦးခင်လတ်က ကြေကွဲစွာ ပြောဆိုစကားနာထိုးပါလေတော့သည်။ အမှန်စင်စစ်လည်း ဗိုလ်မှူးခင်လတ်၊ ဗိုလ်မှူးတင်လတ်ဆိုသည့် ပုဂ္ဂိုလ်များက ကျွန်တော်ရောက်သွားချိန်တွင် နတလမှာ မရှိတော့ပြီ။ စည်ပင်ဘက်ကို ရောက်ကုန်ကြပြီဖြစ်၏။ ကျွန်တော်နှင့် မဆုံလိုက်၍လည်းကောင်း၊ ပန်ဆန်း၊ မိုင်းမောဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူစာရင်းမှာ ကျန်သွား၍ ဖြစ်ပါကြောင်း ပြန်လည်ရှင်းပြတောင်းပန်လိုက်ရ၏။ ယခုလည်း မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် ဝန်ကြီးဌာန အသီးသီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်၊ အနုပညာရှင်များကို ကျွန်တော်မှတ်သားသိရှိထားသလောက် ဂုဏ်ပြုဆောင်းပါးများ ရေးလိုက်ချိန်မှာ ပြန်ကြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးရဲတင့် နာမည် ကျန်သွားခဲ့၍ တောင်းပန်လိုက်ရသေး၏။ သူကလည်း ကျွန်တော့်ကို နောက်ပြောင်ကျီစယ်လို၍ မင်းရေးတဲ့အထဲမှာ ငါ့နာမည်မပါဘူးကွဟု လှမ်း၍ ပြောလိုက်ခြင်းရယ်သာ။

### ပြန်ကြားရေးဝန်ကြီးဌာန၏ ဝီရိယနှင့် စေတနာ

အမှန်ကမူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နောင်တော်ကြီး ဦးရဲတင့်သည် မိုခါမုန်တိုင်း ညာသံပေးနေသည့် မေလ ၁၀ ရက်နေ့ကတည်းက ရောဝတီတိုင်းဒေသကြီး ပန်းတနော်၊ အိမ်မဲ၊ မြောင်းမြမြို့များကို ရောက်နေခဲ့ပြီ။ မိုခါကလည်း ရောဝတီလိုလို၊ ရခိုင်လိုလို ဖြစ်နေချိန်မို့ ရောဝတီသို့ အရင်သွားခြင်း ဖြစ်ပါလိမ့်မည်။ မုန်တိုင်းနှင့် ပတ်သက်၍ အသိပညာပေးရေး၊ သတင်းများ အချိန်မီ ရယူထုတ်ပြန်ပေးရေး၊ ကွပ်ကဲမှုအောက်ရုံးများ အားလုံး ထိခိုက်ဆုံးရှုံးမှု မရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားဆောင်ရွက်ခဲ့သည့် အပြင် မြစိမ်းရောင်တောင်ပေါ်ဒေသတွင် သဘာဝဘေး လာရောက်ရှောင်တိမ်းနေကြသော လပွတ္တာ ကမ်းခြေကျေးရွာများမှ ရွာသူ ရွာသား ၉၆၀ ခန့်ကို တွေ့ဆုံအားပေးစကားပြောကြားပြီး ပြန်ကြားရေး ဝန်ကြီးဌာန၏ ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှ ကျွန်တော့်မွေးရပ်မြေ လေးမျက်နှာ အနောက်ခြမ်း၊ ငါးသိုင်းချောင်း-ဂွ ကားလမ်းအတိုင်း မေလ ၁၁ ရက်တွင် ဂွနှင့် ကျိန္တလီမြို့နယ်များသို့ လည်းကောင်း၊ မေလ ၁၂ ရက်တွင် သံတွဲမြို့သို့ လည်းကောင်း ရောက်ရှိပြီး ထပ်ဆင့်လွှင့်စက်ရုံများ ထိခိုက်မှုနည်းစေရေးနှင့် ထုတ်လွှင့်မှု မပြတ်တောက်စေရေး၊ စာကြည့်တိုက်များနှင့် ရုံးစာရွက်စာတမ်းများ မပျက်စီးစေရေး၊ မုန်တိုင်းအသိပညာပေးရေးကိစ္စများအပြင် မုန်တိုင်းလွန်ကာလတွင် ကျောင်းအပ်နှံမှုကိစ္စရပ်များကိုလည်း လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေလ ၁၂ ရက် ညနေပိုင်းတွင် သံတွဲခရိုင်အတွင်းရှိ သဘာဝဘေး ခိုလှုံရာနေရာများဖြစ်သော ဝါးတောင်ကွင်း ဘုန်းကြီးကျောင်း၊ အောင်ဓမ္မရိပ်သာကျောင်း၊ မင်္ဂလာသုခကျောင်းများသို့ သွားရောက်ပြီး ပင်လယ်ကမ်းခြေအနီး ကျေးရွာများမှ ခေတ္တလာရောက်နေထိုင်ကြသော ရေလုပ်သားမိသားစုဝင်များနှင့် တွေ့ဆုံအားပေး စကားပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ရိက္ခာများနှင့် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

### သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုအနက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းကော်မတီအနေဖြင့် သဘာဝဘေး မကျရောက်မီ အချိန်ကပင် ကြိုတင်၍ မုန်တိုင်းသတင်းများ၊ သဘာဝဘေးဆိုင်ရာ ပညာပေးအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ FM၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြပေးခဲ့သလို အွန်လိုင်းစာမျက်နှာများဖြစ်သော MOI webportal၊ Myanmar Digital News website များ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အသိပညာပေး အစီအစဉ်များကိုလည်း ထုတ်လွှင့်ရေးသားဖော်ပြခဲ့သည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထုတ်ဝေသော မုန်တိုင်းအသိပညာပေး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၌ ဖြန့်ဝေခဲ့သည်။ မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ပေးနေသော မုန်တိုင်းသတိပေးချက်၊ လေဖိအားနည်းရပ်ဝန်းအခြေအနေ ထုတ်ပြန်ချက်များကို အထက်ပါအတိုင်း အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြို့နယ်များအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာပေးခဲ့သည်။

မုန်တိုင်းကျရောက်ပြီး ကာလတွင်လည်း သတင်းများ ပြတ်တောက်မသွားစေရေးအတွက် စစ်တွေရှိမြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် Uplink Unit V Sat တပ်ဆင်ထားပြီး AVI West တစ်လုံးကိုလည်း မေလ ၁၀ ရက်နေ့ကတည်းက ကြိုတင်ပေးပို့ထားခဲ့သည်။ ၎င်းပြင် မေလ ၁၁ ရက်နေ့ကတည်းက မောင်တောမြို့သို့ Back Pack တစ်စုံ ကြိုတင်ပို့ဆောင်၍ သတင်းများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

### စန္ဒရားဦးကွန်းဇော် မျိုးဆက်နှင့် ရေစက်ဆုံ

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဦးစီးဌာနများ၊ *စာမျက်နှာ ၁၁ သို့*

> **“အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုအနက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်း ကော်မတီသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းကော်မတီအနေဖြင့် သဘာဝဘေးမကျရောက်မီအချိန်ကပင် ကြိုတင်၍ မုန်တိုင်းသတင်းများ၊ သဘာဝဘေးဆိုင်ရာ ပညာပေးအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ FM၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြပေးခဲ့သလို အွန်လိုင်းစာမျက်နှာများဖြစ်သော MOI webportal၊ Myanmar Digital News website များ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အသိပညာပေး အစီအစဉ်များကိုလည်း ထုတ်လွှင့်ရေးသားဖော်ပြခဲ့သည်”**

*စာမျက်နှာ ၁၀ မှ*

လုပ်ငန်းများကို စေ့ငုလေ့လာကြည့်သောအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအောက်ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ စသည်ဖြင့် တွေ့ရှိရသည်။ မိမိသိလိုသမျှကို ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်နယ်မှူး (အင်ဂျင်နီယာမှူး) များကို မေးမြန်းရပါတော့သည်။

"ကျွန်တော့်အဖေက စန္ဒရား ဦးကွန်းဇော်ပါ"

"ရော်"

စန္ဒရားဦးကွန်းဇော်၏ သားဖြစ်ကြောင်း ပြောသူက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်း ဖြစ်သည်။ စန္ဒရားကွန်းဇော်၏ လက်သံကိုရော သူရေးဖွဲ့ခဲ့သည့် တေးသီချင်းများကိုပါ ကျွန်တော်နှစ်သက်ခဲ့သည်။ Sky Net မှာ လိုင်းပေါင်းများစွာရှိသော်ငြားလည်း ကျွန်တော် အများဆုံးကြည့်ဖြစ်သည်မှာ Skynet Sport Channel၊ ASIAN Movies နှင့် Skynet Music Channel များပဲ ဖြစ်သည်။ Skynet Music Channel မှာမှ ခေတ်ပေါ်မြန်မာသံစဉ်တေးများကို နှစ်သက်ခဲ့သည်။ ဟောင်း၍ကောင်းနေသော သီချင်းများဖြစ်နေသည်။ ဒီသီချင်းဟောင်းတွေကိုပဲ ထပ်ခါတလဲလဲကြည့်ဖြစ်နေသည်မှာ ဆယ်စုနှစ်နှင့်ချီခဲ့ပြီ။ ထိုအထဲတွင် ဂီတစာဆို ဂီတမှူး စန္ဒရားကွန်းဇော်၏ ဂီတသက်တမ်း ရွှေရတုနှစ်ငါးဆယ်ပြည့် အထိမ်းအမှတ် တီးခတ်သီဆိုဖျော်ဖြေ တင်ဆက်ထားသော "သံစဉ်များရဲ့ ဂန္ထဝင်ည" ဂီတဖျော်ဖြေပွဲလည်း ပါဝင်သည်။ စေလိုရာစေ၊ ဖိုးလမင်းကို ရှက်တယ် အစရှိသော သီချင်းများနှင့် အကြိုက်ဆုံးသီချင်းကတော့ အစ်မကြီးတက္ကသိုလ်လွဲလွဲ သီဆိုထားသည့် နှင်းဆီမလေးချစ်ပုံပြင် သီချင်းဖြစ်သည်။

"ပြီးတော့ ကျွန်တော်က စာရေးဆရာမောင်မိုးယံနဲ့ ညီအစ်ကိုဝမ်းကွဲ တော်ပါတယ်"

"ရော်"

ကျွန်တော် အာမေဋိတ်သံ "ရော်" က ထပ်၍ထွက်သွားရပြန်သည်။ အမျိုးသားစာပေဆုရ ဆရာမောင်မိုးယံဆိုသော အစ်ကိုကြီး ဗိုလ်မှူးမျိုးသန့်ကိုလည်း ရင်းနှီးနေပါသည်။ ဂီတနှင့်ရော စာပေနှင့်ပါ မျိုးဆက်မကင်းသည့် ပြန်/ဆက်ဝန်ထမ်းတစ်ယောက်နှင့် ရခိုင်မှာ လာရောက်ဆုံစည်းခွင့်ရခဲ့ပါသည်။ သူ့ရုံးအနေဖြင့်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ သတင်းနှင့်



မိုခါမုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးခဲ့သော 100 Meter Self Supporting Tower တိုင်။



ယာယီတပ်ဆင်ထုတ်လွှင့်ထားသော 30 Meter Guyed Tower တိုင်။

ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ မုန်တိုင်းမကျရောက်မီ မြို့နယ် ၁၇ မြို့နယ်အတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြောဆွေးနွေးခြင်းများ ၈၄ ကြိမ်၊ အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာအသိပေးခြင်းများ ၂၇၂ ကြိမ်၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှု၊ စားရေရိက္ခာများ ဖြန့်ဝေမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေမှု၊ သရုပ်ပြလေ့ကျင့်မှု၊ အစည်းအဝေးများ ကျင်းပမှုတို့နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်မှု အပုဒ် ၂၄၀ အထိ ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်၏ ရေမြေသဘာဝအရ အသံချဲ့စက်များဖြင့်လှည့်လည်ကြေညာရာတွင် အချို့ပင်လယ်တွင်း ကျေးရွာများကို ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ကြရသည်။

မုန်တိုင်းကျရောက်ပြီးကာလမှာ လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့လာရသည့်သတင်းမှားများကိုလည်း ပြန်လည်ချေဖျက်ဆောင်ရွက်ခဲ့ရသည်။ ကြည့်ရှုသူများပြားသည့် Telegram Channel များနှင့်ဆက်သွယ်၍ သတင်းမှန်များ အမြန်ပေးပို့ကာ အသိပေးထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ အမျိုးသားသဘာဝ



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက် စာကြည့်တိုက်များရှိ စာအုပ်စာစောင်များ မပျက်စီးစေရေးအတွက် မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်ထုပ်ပိုးရွှေ့ပြောင်းကြစဉ်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်တို့ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသခံပြည်သူ ခြောက်သိန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့မှုကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် NP News သတင်းဌာနနှင့် တွေ့ဆုံမေးမြန်း အစီအစဉ်များ ပြုလုပ်နိုင်ခဲ့ပါသည်။ ပြန်/ဆက်ရုံး ပန်းဆိုးတန်းလမ်းမှာ ရှိနေချိန် ၁၉၉၇ ခုနှစ်လောက်ကတည်းက ဝင်ထွက်သွားလာခဲ့တာဖြစ်ကြောင်း၊ ဆရာ ဦးချစ်နိုင်မှအစ ဆရာကြို့ပင်ကောက် တင်မောင်ဦး၊ ဆရာဦးလှအေးနှင့် သူ့တပည့် မစိမ်းလဲ့၊ မနုနုစိန်၊ ခေတ်ပုံဆရာများဖြစ်တဲ့ ကိုအောင်တင်၊ ကိုသန်းအောင်၊ ကိုကျော်ဆွေမိုး၊ ကိုမိုးမင်းလှိုင်တို့နှင့် ခင်မင်ကြောင်း ပြောခဲ့သည်။

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်နေ့ ရခိုင်ပြည်နယ် စစ်တွေမြို့ ခရီးစဉ်နှင့် မေလ ၁၆ ရက်နေ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့ပါသည် –

"ရခိုင်ပြည်နယ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆက်သွယ်ရေးတာဝါတိုင်များနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တိုင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပေါင်းစပ်၍ အမြန်ဆုံး ပြုပြင်ဆောင်ရွက်ရန်"

ယင်းလမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် မေလ ၁၄ ရက်နေ့က ပြိုလဲသွားခဲ့သော 100 Meter Self Supporting Tower တိုင်ကို စနစ်တကျဖြုတ်သိမ်း၍ ယင်းနေရာတွင် 30 Meter Guyed Tower တိုင်ကို မေလ ၁၆ ရက်နေ့တွင် ယာယီအစားထိုး စိုက်ထူတပ်ဆင်ခဲ့ပါသည်။ ယင်းနောက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များကို မေလ ၃၀ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် စစ်တွေမြို့အပါအဝင် မုန်တိုင်းသင့်ဒေသများ၌ ရုပ်မြင်သံကြားထုတ်လွှင့်မှုကို ကြည့်ရှုနိုင်ရေးအတွက် DTH စလောင်း အစုံ ၅၀၀ ကို မေလ ၁၆ ရက်နေ့တွင် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဖြန့်ဝေပေးခဲ့ပါသည်။

## ပြည်နယ်အတွင်းရှိ ထပ်ဆင့်လွှင့်စက်ရုံများ

ရခိုင်ပြည်နယ်အတွင်းတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၁၆ ရုံ ရှိပါသည်။ စစ်တွေမြို့တွင် 100 Meter Self Supporting Tower ကို ၁၉၈၆ ခုနှစ်တွင် Analogue 10 kw ဖြင့် စတင်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် Digital 3 kw နှင့် မြန်မာ့အသံ FM 2 kw လွှင့်စက်တို့ တပ်ဆင်ထုတ်လွှင့်ခဲ့ရာ စက်ရုံမှ မိုင် ၃၀ ဝန်းကျင်အတွင်း လွှင့်အားပျံ့နှံ့သက်ရောက်မှု ရှိခဲ့သည်။ မြောက်ဘက် ၂၂ မိုင်အကွာရှိ ပါဒလိတ်၊ သင်ပုန်းတန်း၊ ကျောင်းတောင်ရွာနှင့် စေတီပြင်အထိလည်းကောင်း၊ အရှေ့ဘက် မိုင် ၃၀ အတွင်းရှိ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြားအထိလည်းကောင်း၊ အရှေ့တောင်ဘက်ယွန်းယွန်းရှိ မြေပုံနှင့် ချောင်းခွအထိလည်းကောင်း လွှင့်အားရှိခဲ့ကြောင်း တွေ့ရသည်။ ယခု ယာယီတပ်ဆင်ထားသော 30 Meter Guyed Tower ကမူ Digital TV 300 W လွှင့်စက်နှင့် မြန်မာ့အသံ FM 300 W လွှင့်စက်တို့ဖြင့် ထုတ်လွှင့်လျက်ရှိရာ စစ်တွေမြို့ ပတ်ဝန်းကျင်နှင့် ၁၀ မိုင်အတွင်းသာ လွှင့်အားသက်ရောက်မှုရှိပါသည်။

မြောက်ဦးစက်ရုံသည် ၂၀၁၈ ခုနှစ်က တည်ဆောက်ထားပြီး လွှင့်အား 300 W စက်ရုံဖြစ်သည်။ ဇွန်လ ၁၅ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပြသနေပြီ ဖြစ်သည်။ ကျောက်တော်ရှိ 600 W စက်ရုံကို ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး မုန်တိုင်းကြောင့် ပျက်စီးမှုအနည်းငယ်ကို ပြုပြင်ပြီးနောက် မေလ ၂၂ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပြသပေးနိုင်ခဲ့ပါသည်။ ကျောက်ဖြူစက်ရုံ 50 W၊ ဘူးသီးတောင် (မောင်တော) စက်ရုံ 1 kw၊ အမ်းနှင့် မင်းတက် (ရှောက်ခြံ)၊ မာန်အောင်၊ ရမ်းဗြဲနှင့် ပိန္နဲတောင်၊ မအီ၊ လမူး၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီနှင့် ဂွ ထပ်ဆင့်လွှင့်စက်ရုံများမှာ ထိခိုက်ပျက်စီးမှု အနည်းငယ်စီသာရှိသဖြင့် ပုံမှန်ထုတ်လွှင့်မှုများ ဆောင်ရွက်နေပါသည်။ ရခိုင်ပြည်နယ်၏ ဖုန်နယ်မှူး တာဝန်ယူထားသော ဦးကိုကိုမင်း(အင်ဂျင်နီယာမှူး) အနေဖြင့်လည်း စက်ရုံများ၏ ထုတ်လွှင့်မှုအခြေအနေများကို ရခိုင်ပြည်နယ်အစိုးရ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့သို့ အချိန်နှင့် တစ်ပြေးညီ အစီရင်ခံတင်ပြဆောင်ရွက်လျက်ရှိပါသည်။

## အနုပညာရှင်များက စေတနာနှင့် သဒ္ဓါတရားထက်သန်

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် မေလ ၁၇ ရက်နေ့တွင်

*စာမျက်နှာ ၁၂ သို့*

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက် အသက် ၁ နှစ်မှ ၅ နှစ်အရွယ် ကလေးငယ်များကို အမီလိုက် (Catch-up) နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**နေပြည်တော် ဩဂုတ် ၁၃**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး၊ ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေးနှင့် အထူးကုသမှုများ (Super Speciality)လိုအပ်သော ပြည်သူများအား သက်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ ကုသမှုများ ရရှိနိုင်စေရန်အတွက် အထူးကုဆေးကုသရေးအဖွဲ့များအနေဖြင့် ကွင်းဆင်းကုသမှု အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုဒဏ် ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့မှ နှလုံးရောဂါဆေးပညာ၊ အသည်းရောဂါဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါပညာရပ်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ် နှစ်ရက်တာကာလအတွင်း နှလုံးရောဂါဆိုင်ရာ ၇၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ၃၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ ၇၆ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ ခုနစ်ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၆၃ ဦး၊ သွေးရောဂါဆိုင်ရာ ၁၂ ဦး၊ အသည်းရောဂါဆိုင်ရာ ၂၂ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၃၃ ဦး၊ အရိုးအကြောအဆစ်ဆိုင်ရာ ၉၆ ဦး စုစုပေါင်းလူနာ ၅၁၈ ဦးတို့ကို ကြည့်ရှုကုသမှု ပေးနိုင်ခဲ့ပြီး



မကွေးမြို့ပေါ်သာမက မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများပါ လာရောက်ပြသခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း၃၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ကိုးဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း ၁၁ ဦး၊ သံလိုက်ဓာတ်မှန်ဖြင့် စစ်ဆေးခြင်း ခြောက်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၅၇ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၅၁၈ဦး၊ သွေးချိုဓာတ်တိုင်းတာခြင်း ၈၆ ဦး၊ Ultrasound ရိုက်ကူးခြင်း ၈၁ ဦး၊ ECG ရိုက်ကူးခြင်း ၁၉၄ ဦး၊ ခါးရိုးဆစ် အရည်ဖောက်၍ စမ်းသပ်စစ်ဆေးသူ တစ်ဦး၊ အရိုးသိပ်သည်းဆစမ်းသပ်ခြင်း (Bone-Dexa Scan) လေးဦး၊ ဒူးခေါင်းတွင်းဆေးထိုး၍ ကုသပေးသူလေးဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး နှလုံးရောဂါ ဆက်လက်ကုသရန်လိုအပ်သူတစ်ဦးကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ဦးနှောက်တွင်း သွေးခဲနေသော လူနာတစ်ဦးကို ခွဲစိတ်ကုသမှု ဆောင်ရွက်ရန် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) သို့လည်းကောင်း ဆက်လက်လွှဲပြောင်း ကုသမှုပေးခဲ့သည်။

ထို့ပြင် ဆီးချိုနှင့်ဟော်မုန်းဆေးပညာပါမောက္ခ ပါမောက္ခ ဒေါက်တာနီနီလှိုင်က လာရောက်ပြသသူ ဒေသခံပြည်သူများအား ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောမှု ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားသော တိုင်းဒေသကြီး/ ပြည်နယ်တွင်လည်း အလားတူ အစီအစဉ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်စဉ် မွေးဖွားလျက်ရှိသော ကလေးငယ်များကို အသက်အရွယ်အလိုက် လိုအပ်သော ပုံမှန်ကာကွယ်ဆေးများကို ထိုးနှံ/တိုက်ကျွေးပေးလျက်ရှိသည်။

ဩဂုတ် ၁၂ ရက်တွင်မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ပံ့ပိုးကြီးကြပ်မှုဖြင့် မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့က အသက် ၁ နှစ်မှ ၅ နှစ်အရွယ် ကလေးများအနက်မှ ကာကွယ်ဆေးလုံးဝမရရှိသေးသော ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသည့် ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချ ကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး (IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး(MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး (Penta) တို့ကို ကလေးဦးရေ စုစုပေါင်း ၈၀ ကိုလည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ ကလေး ၃၃ ဦး ကိုလည်းကောင်း၊ မင်းဘူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကလေး ၄၄ ဦးကို လည်းကောင်း ထိုးနှံ/တိုက်ကျွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၁ မှ*

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ အနုပညာရှင် ၄၉ ဦးတို့သည် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့သွားရောက်၍ စစ်တွေနှင့် အနီးတစ်ဝိုက်ရှိ မုန်တိုင်းသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးခြင်း၊ ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် တဝမုန်တိုင်းသင့်ဒေသရှိ ပြည်သူများအား လှူဒါန်းထောက်ပံ့နိုင်ရန်အလို့ငှာ ရန်ပုံငွေပဒေသာကပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ အနုပညာရှင်များ ပူးပေါင်း၍ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဇွန်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ သုံးရက်ကြာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းဖျော်ဖြေပွဲတင်ဆက်မှုကို ဇွန်လ ၂ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဧည့်ခံတီးလုံး၊ ပဏာမ အဖွင့်တီးလုံးတို့ဖြင့် တင်ဆက်ပြီး ရခိုင်စည်တော်အက၊ အပျိုတော်လမိုင်းအကတို့ဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက မြူးကြွလှပသံစဉ်များ၊ တေးသံသာများ၊ ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့် ပါဝင်ဖျော်ဖြေကြသကဲ့သို့ ဟာသပညာရှင်များ အစည်းအရုံး၏ ဟာသအစီအစဉ်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း အော်ပရာတို့လည်း ပါဝင်ခဲ့ပါသည်။

ရန်ပုံငွေပဒေသာကပွဲတွင် ဒါရိုက်တာ ညိုမင်းလွင်၏ "မီးခွက်စောင့်ကျွန်း"၊ ဒါရိုက်တာ ကျော်ဇေလင်း၏ "ကူညီပေးပါ"၊ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်၏ "တင်တောင်းမယ်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "ပြန်လည်နိုးထကြပါစို့"၊ အေဝမ်းဦးသိန်းထွဋ်၏ "သမန်းကျားနှင့် ခေတ္တရာခရီးသည်"၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ၏ တစ်ခန်းရပ်ပြဇာတ်များ စသည်တို့ကို အားပေးကြည့်ရှုခဲ့ကြသည်။ အနုပညာရှင် ၂၀၇ ဦး ပါဝင်ခဲ့ပြီး မေလ ၂၇ ရက်နေ့မှ စတင်ဇာတ်တိုက် လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါရန်ပုံငွေပဒေသာကပွဲမှ ရရှိငွေကျပ် ၁၅၂၂ သိန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်း (Movie FC)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) (Music FC)၊ Forever Co.,ltd. (Forever FC)၊ Old Star (ညွှန့်ပေါင်း FC) တို့၏ လေးပွင့်ဆိုင် မိုခါရန်ပုံငွေဘောလုံးပွဲမှ ရရှိငွေကျပ်သိန်း ၉၅၀ စုစုပေါင်းငွေကျပ် ၂၄၇၂ သိန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဇွန်လ ၂၈ ရက်နေ့တွင် တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဇွန်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် စစ်တွေမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကာ မုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးခဲ့သော 100 Meter Self Supporting Tower ကို ပြန်လည်ရှင်းလင်းသိမ်းဆည်းရေး၊ အသစ်တပ်ဆင်ပြီးစီးခဲ့သည့် 30 Meter Guyed Tower ဖြင့် ယာယီထုတ်လွှင့်ပေးနေမှု အဆင်ပြေစေရေး မှာကြားကာ စက်ရုံမှူးနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ အလားတူ ပြည်ထောင်စုဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ စစ်တွေမြို့ ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)သည် မိုခါမုန်တိုင်းမကျရောက်မီကာလတွင် နေ့စဉ် မြန်မာ့အလင်းသတင်းစာ ၁၅၉၈ စောင် ပုံနှိပ်ဖြန့်ဝေပေးခဲ့သည်။ ကြေးမုံ ၁၂၃ စောင်ကို ကြေးမုံသတင်းစာတိုက် (ရန်ကုန်)မှ လေကြောင်းဖြင့် ပေးပို့ဖြန့်ဝေခဲ့သည်။ မုန်တိုင်းသင့်ပြီးနောက်တွင်လည်း သတင်းစာ ထုတ်ဝေဖြန့်ချိမှု ရပ်ဆိုင်းသွားခြင်းမရှိဘဲ ရန်ကုန်မှ မှာယူကာ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ မြန်မာ့အလင်း စောင်ရေ ၁၀၀၊ ကြေးမုံစောင်ရေ ၁၂၃ စောင်ကို လေကြောင်းလိုင်းဖြင့်လည်းကောင်း၊ ကျန်သတင်းစာများကို အောင်သစ္စာမော်တော်ယာဉ်လိုင်းဖြင့် လည်းကောင်း မှာယူဖြန့်ချိပေးနေပါသည်။

## ရွှေပြည်ရခိုင်ပုံရိပ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ရည်မှန်းချက်နှင့်အညီ တိုင်းရင်းသားဘာသာဖြင့်ပါ သတင်းဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရွှေပြည်ရခိုင်ပုံရိပ်ဟု အမည်ပေးထားသည့် သတင်းဆောင်းပါး လေးမျက်နှာဖွဲ့စည်းပုံနှိပ်ထားသော သတင်းစာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကိုယ်ပွားသတင်းစာတိုက်မှ ပုံမှန်ဖြန့်ချိပေးခဲ့ပါသည်။ ယခု မုန်တိုင်းဒဏ်သင့်ပြီးချိန်တွင်လည်း အဆိုပါ လေးမျက်နှာသတင်းစာကို ရန်ကုန်မြို့တွင် ပုံနှိပ်ကာ ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ဖြန့်ချိပေးနေကြောင်း တွေ့ရသည်။ မြန်မာ့အလင်း၊ ကြေးမုံ၊ မန္တလေး နေ့စဉ်သတင်းစာများ၏ ညာအပေါ်ထောင့်တွင် ဓမ္မပဒအဆုံးအမတရားများကို ဖော်ပြထားသကဲ့သို့ ရွှေပြည်ရခိုင်ပုံရိပ်တွင်လည်း ရခိုင်ဆိုရိုးများကို ဖော်ပြပေးလျက်ရှိသည်။ တာရှည်ကေဗောင်း စောက်တေ၊ ဒေါသအမျက် ကိုယ်ကျိုးပျက်၊ ထောက်ထားကေနှောင့်ယှက်တေ... စသည်ဖြင့်။ ရွှေပြည်ရခိုင်ပုံရိပ် သတင်းစာကို စွဲစွဲမြဲမြဲ ဖတ်သွားပါက ကြာလာလျှင် ရခိုင်လေယူလေသိမ်း၊ ရခိုင်ဘာသာစကားကို အတော်အတန် တီးမိခေါက်မိရှိလိမ့်မည်ဟု ကျွန်တော်တွေးလိုက်မိသည်။

## မိုခါကို အနိုင်ယူခဲ့သည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက် ဦးစီးဌာနများအနေဖြင့် မိုခါမုန်တိုင်း မကျရောက်မီအချိန်ကတည်းက သတင်းလက်ဦးမှုရယူ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများအား ကူညီပံ့ပိုးမှုများပေးခဲ့သည်။ သတင်းမီဒီယာ တိကျမြန်ဆန်အားကောင်းခြင်းသည် အသက်ပေါင်းများစွာကို ကူညီကယ်ဆယ်ရာလည်း ရောက်ပါသည်။ သတင်းမှားများကို တုံ့ပြန်ချေဖျက်နိုင်ခြင်းကလည်း နိုင်ငံတကာအလယ်မှာ မြန်မာဆိုတာ သွေးစည်း ညီညွတ်သည့်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားပြန့်ပွားသည့် တိုင်းပြည်အဖြစ် သရုပ်သကန် ပေါ်လွင်စေခဲ့သည်။ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှု နည်းပါးခဲ့ခြင်း၊ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း တိကျမြန်ဆန်စွာ ဆောင်ရွက်နိုင်ကြောင်း ထုတ်လွှင့်ပြသနိုင်ခဲ့ခြင်း၊ မုန်တိုင်းသင့်ဒေသများမှ ပြည်သူများအတွက် လှူဒါန်းမှုများစွာရှိနေခြင်းတို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနသည် မိုခါမုန်တိုင်းအပေါ် အန်တုယှဉ်ပြိုင် အနိုင်ယူခဲ့ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

# ဟာဝိုင်ယီ တောမီးလောင်မှုမှ သေဆုံးသူ ၈၉ ဦးအထိ မြင့်တက်လာ

## အမေရိကန်နိုင်ငံ၌ နှစ် ၁၀၀ ကျော်အတွင်း လူသေဆုံးမှု အများဆုံးဖြစ်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၃

အမေရိကန် ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် မော်ဝီကျွန်းတွင် တောမီးလောင်မှုကြောင့် သေဆုံးသူ ၈၉ ဦးအထိ တိုးလာခဲ့ကြောင်း ဟာဝိုင်ယီပြည်နယ် အုပ်ချုပ်ရေးမှူး ဂျို့စ်ဂရင်းက ဩဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

နောက်ဆုံးရ သတင်းအချက်အလက်များ အရ ကယ်လီဖိုးနီးယားတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့သည့် တောမီးလောင်မှုဖြစ်စဉ်တွင် လူ ၈၅ ဦးထက် မနည်း သေဆုံးမှုထက် ပိုမိုလာသည့်အတွက် ခေတ်သစ် အမေရိကန်သမိုင်းတွင် ရာစုနှစ်တစ်ခုကျော်အတွင်း အသေအပျောက် အများဆုံး တောမီးဖြစ်လာခဲ့သည်။

လူ အသေအပျောက်များသော တောမီးကြောင့် ယခင်က ဟာဝိုင်ယီပြည်နယ်၏ ခရီးသွားညွှဲ့သည် လာရောက်လည်ပတ်မှု အများဆုံး သမိုင်းဝင်မြို့ဖြစ်သည့် လာဟိုင်းနားသည် လုံးဝနီးပါး ပျက်စီးသွားခဲ့သည်။ အဆိုပါ တောမီးကြောင့် အဆောက်အအုံပေါင်း ၂၂၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေ ၂၁၇၀ (၈ ဒသမ ၇၈ စတုရန်းကီလိုမီတာ ဝန်းကျင်) မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန် ခန့်မှန်းခြေ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၂ ဘီလီယံအထိ ရှိနိုင်ကြောင်း ပစိဖိတ် ဘေးအန္တရာယ်ဆိုင်ရာ ဗဟိုဌာန၏ အကဲဖြတ်ချက်အရ သိရသည်။



ဟာဝိုင်ယီပြည်နယ် လာဟိုင်းနားမြို့၌ တောမီးကြောင့် ပျက်စီးမှုကို ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။

ဆင်ဟွာ

# အင်္ဂလိပ်ရေလက်ကြားတွင် လှေနစ်မြုပ်မှုကြောင့် ခြောက်ဦးသေဆုံး

ပါရီ ဩဂုတ် ၁၃

ပြင်သစ်နိုင်ငံရေပိုင်နက်ဌာန Pas –de– Calais အနီးရှိ အင်္ဂလိပ်ရေလက်ကြားတွင် ဩဂုတ် ၁၁ ရက်ညက ရွှေ့ပြောင်းနေထိုင်သူများ စီးနင်းလာသည့် လှေနစ်မြုပ်မှုကြောင့် ခြောက်ဦးသေဆုံးခဲ့သည်ဟု ပြင်သစ်ပင်လယ်ရေကြောင်း အာဏာပိုင်များက ဩဂုတ် ၁၂ ရက်တွင် ပြောသည်။

### ခရီးသွား ၅၀ ကျော် လိုက်ပါလာ

အဆိုပါလှေပေါ်တွင် ခရီးသွား ၅၀ ကျော် လိုက်ပါလာပြီး ပြင်သစ်နှင့် ဗြိတိန်ကမ်းခြေစောင့်တပ်များက ပူးပေါင်း၍ ကယ်တင်မှုများ ပြုလုပ်ခဲ့ကြသည်ဟု ပင်လယ်ရေကြောင်းရေလက်ကြားနှင့် ပင်လယ်မြောက်ပိုင်းစီရင်စုမှ သတင်းထုတ်ပြန်သည်။ ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသည့်လှေမှာ ရပ်တန့်နေသည်ဟု ကုန်သွယ်ရေးသင်္ဘောတစ်စင်းက ဒေသတွင်းကယ်ဆယ်ရေးနှင့် စောင့်ကြည့်ရေးစင်တာသို့ သတင်းပို့ခဲ့သည်။

### ဗြိတိန်သို့ ဝင်ရောက်ရန်ကြိုးပမ်း

ဒုက္ခရောက်နေသည့် ရွှေ့ပြောင်းနေထိုင်သူများကို ကယ်တင်ရန် ပြင်သစ်နှင့်ဗြိတိန်တို့မှ သင်္ဘောများ၊ရဟတ်ယာဉ်များစေလွှတ်ခဲ့သည်ဟု အဆိုပါစီရင်စုမှ သတင်းထုတ်ပြန်ခဲ့သည်။ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့မှ စစ်နှင့် ဆင်းရဲမွဲတေမှုတို့ကြောင့် ထွက်ပြေးလာသည့် ထောင်နှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူများသည် ပြင်သစ်ဆိပ်ကမ်းမြို့ဖြစ်သည့် ခါလေ့စ်တွင်စခန်းချကာ ဗြိတိန်နိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းကြသည်။

ဆင်ဟွာ

# နာရီတာ လေဆိပ်သို့ ဝင်ရောက်သည့် ခရီးသွားဦးရေမှာ ပထမနှစ်ဝက်အတွင်း ၁၀ သန်းကျော်ရှိ

တိုကျို ဩဂုတ် ၁၃

၂၀၂၃ ခုနှစ် ပထမနှစ်ဝက် ကာလအတွင်း တိုကျိုမြို့အနီးရှိ နာရီတာ လေဆိပ်သို့ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ခရီးသွားဦးရေမှာ ၁၀ သန်းကျော်ရှိသည်ဟု သိရသည်။

အဆိုပါပမာဏမှာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။ ဇန်နဝါရီမှ ဇွန်လအတွင်း ခရီးသွားစုစုပေါင်း ၁၁ ဒသမ ၁၄ သန်း ဝင်ရောက်ခဲ့သည်ဟု လေဆိပ်အာဏာပိုင်များက ပြောသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် လေးဆ တိုးလာခြင်းဖြစ်သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကာလ မတိုင်မီကနှင့် နှိုင်းယှဉ်လျှင် ၆၀ ရာခိုင်နှုန်းသာ ရှိသေးသည်။

ဂျပန်နိုင်ငံမှ ခရီးသွား ၂ ဒသမ ၃၇ သန်းကျော်ရှိပြီး နိုင်ငံခြားခရီးသွားဦးရေမှာ ၇ ဒသမ ၂၁ သန်းရှိသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ကန့်သတ်ချက်များ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးပြီးသည့် နောက်ရှုခင်းကြည့်ရန် လာရောက်သည့် ညွှဲ့သည်ဦးရေ များပြားလာခဲ့သည်။




နာရီတာလေဆိပ်၌ သွားလာနေကြသူများကို တွေ့ရစဉ်။

တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ကပ်ရောဂါကာလ မတိုင်မီနှင့်နှိုင်းယှဉ်လျှင် ၆၀ ရာခိုင်နှုန်းကျော် နည်းနေဆဲဖြစ်သည်။ တရုတ်နိုင်ငံမှ ခရီးသွားများမှာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ပြန်လည်နာလန်ထူစေရန်အတွက် အဓိကကျသည်ဟု လေဆိပ်အာဏာပိုင်များကပြောသည်။

အင်န်အိတ်ချ်ကေ

# သယ်ယူပို့ဆောင်ရေးယာဉ်တင်သွင်းခွင့် သီရိလင်္ကာ ဖြေလျှော့

ကိုလံဘို ဩဂုတ် ၁၃

သီရိလင်္ကာနိုင်ငံသည် ယခုသီတင်းပတ်အတွင်း ကုန်စည်နှင့် ခရီးသည်များ သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ရန်ဂျစ် စီရန်ဘာလာပီတီယာက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ ကဲ့သို့သော မော်တော်ယာဉ်တင်သွင်းခွင့် ကန့်သတ်ချက်များကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက မီဒီယာများကို ပြောကြားသည်။

သီရိလင်္ကာအစိုးရသည် စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကုန်ပစ္စည်း ၁၄၆၅ မျိုး တင်သွင်းမှုကို ကန့်သတ်ခဲ့သော်လည်း အဆိုပါကန့်သတ်ကုန်ပစ္စည်းများ တင်သွင်းမှုအပေါ် အချို့ကန့်သတ်ချက်များကို သီးခြားစီရုပ်သိမ်းပေးခဲ့သည်။

သီရိလင်္ကာ၏ တရားဝင်အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် စုစုပေါင်းသွင်းကုန်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရှိပြီး ၂၀၂၁ ခုနှစ်ထက် ၁၁ ဒသမ ၄ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ဆင်ဟွာ


# ဂျပန်နှင့် အမေရိကန်တို့ ကြားဖြတ်ဒုံးခွင်းစနစ် ပူးပေါင်းထုတ်လုပ်ရန် လုပ်ဆောင်နေ

တိုကျို ဩဂုတ် ၁၃

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် အသံထက်မြန်သော ဒုံးကျည်များကို ထောက်လှမ်းနိုင်သည့် ကြားဖျတ်ဟန့်တားနိုင်သော ဒုံးခွင်းစနစ်သစ်အမျိုးအစားကို ပူးတွဲထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် ဟန့်တားမှုနှင့် တုံ့ပြန်နိုင်မှုစွမ်းရည်များကို မြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ကြားဖြတ်ဖျက်ဆီးနိုင်သော ဒုံးခွင်းစနစ်သစ်အမျိုးအစားကို ပူးပေါင်းထုတ်လုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံသည် ဂြိုဟ်တုစုစည်းခြင်း အစီအစဉ်တစ်ရပ်မိတ်ဆက်ခြင်းအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လည်း မျှော်လင့်ထားသည်။

အဆိုပါ အစီအစဉ်တွင် ထောက်လှမ်းစုစည်းနိုင်မှု စွမ်းဆောင်ရည်များကို မြှင့်တင်ရေးနှင့်ပတ်သက်ပြီး အတူတကွလုပ်ဆောင်ရာ၌ ဂြိုဟ်တုငယ်များလည်း ပါဝင်ဖွယ်ရှိကြောင်း သိရသည်။ အသေးစိတ် အချက်အလက်များ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် ကြာသပတေးနေ့တွင် စတင်မည့် အမေရိကန်နိုင်ငံသို့ ကီရှီဒါ၏ ခရီးစဉ်အတွင်း ကျင်းပရန်ရှိသည့် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် သဘောတူညီမှု ရယူနိုင်ဖွယ်ရှိကြောင်း သိရသည်။



**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု သိသိသာသာမြင့်တက်

ဒါကာ ဩဂုတ် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု သိသိသာသာ မြင့်တက်လာမှုကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခြင်မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန်၊ ခြင်ဆေးဖျန်းခြင်းနှင့် လက်ရှည်အဝတ်အစားများ ဝတ်ဆင်ခြင်းကဲ့သို့သော ကူးစက်မှုလျှော့ချနိုင်ရေး တစ်ဦးချင်းကြိုးပမ်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဩဂုတ် ၁၁ ရက်က ထုတ်ပြန်သော အစီရင်ခံစာအရ ဇွန်လနှောင်းပိုင်းမှ စတင်၍ လျင်မြန်စွာ ပျံ့နှံ့ခဲ့သည့် အဆိုပါရောဂါဖြစ်ပွားမှုသည် ခရိုင်ပေါင်း ၆၄ ခု၌ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၇ ရက်အထိ စုစုပေါင်းအတည်ပြုလူနာ ၆၉၄၈၃ ဦးနှင့် ဆက်စပ်သေဆုံးသူ ၃၂၇ ဦးရှိကာ ရောဂါဖြစ်ပွားပြီးနောက် သေဆုံးမှုနှုန်း ၀ ဒသမ ၄၇ ရာခိုင်နှုန်းရှိသည်။

ဇူလိုင်လအတွင်းကလည်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၄၃၈၅၄ ဦးနှင့် သေဆုံးသူ ၂၀၄ ဦး ရှိပြီး သေဆုံးမှုနှုန်း ၆၂ ရာခိုင်နှုန်းအထိရှိခဲ့သည်။ အေးဒီးစ်ခြင်များမှ ကူးစက်သော သွေးလွန်တုပ်ကွေးရောဂါသည် အများအားဖြင့် ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များ ပြင်းထန်စွာ နာကျင်ခြင်း၊ ဂလင်းများ ရောင်ရမ်းခြင်း၊ အော့အန်ခြင်းနှင့် အသားနီမြန်းခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်လေ့ရှိသည်။

ဆင်ဟွာ

# အများစိတ်ဝင်စားနေကြတဲ့ ဘီလျံနာကြီးနှစ်ဦးရဲ့ သံလှောင်ချိုင့်ထဲက ထိုးသတ်ပွဲ

လူမှုကွန်ရက် နည်းပညာကုမ္ပဏီကြီးနှစ်ခုဖြစ်တဲ့ တွစ်တာနဲ့ ဖေ့စ်ဘွတ်ခ်လို့ပြောလိုက်ရင် အီလွန်မက်စ်နဲ့ မာ့ခ်ဇူကာဘတ်ကို ပြေးမြင်ကြမှာပါပဲ။ လတ်တလော လူမှုကွန်ရက်မှာ စိတ်ဝင်စားစရာအကောင်းဆုံးကိစ္စတွေထဲမှာ အီလွန်မက်စ်နဲ့ ဇူကာဘတ်တို့ သံလှောင်ချိုင့်ထဲမှာ ထိုးသတ်ကြမယ်လို့ စိန်ခေါ်ထားကြတဲ့ ကိစ္စလည်းအပါအဝင်ပါပဲ။ သူတို့နှစ်ယောက် တကယ်ပဲထိုးသတ်ကြမှာလားဆိုတာကတော့ မှန်းဆရခက်ပါတယ်။

နှင်းမိုးအိမ်



သံလှောင်ချိုင့်အတွင်း ထိုးသတ်ရန် သတင်းထွက်ပေါ်လာပြီးနောက် UFC ချန်ပီယံတစ်ဦးနှင့်အတူ လေ့ကျင့်နေသည့် အီလွန်မက်စ်။



ယခင်ကပင် ဂျူဂျစ်ဆု အားကစားသမားတစ်ဦးဖြစ်သည့် မာ့ခ်ဇူကာဘတ် လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

### အပြောင်းအလဲတွေပြုလုပ်

တွစ်တာ ကုမ္ပဏီကို အီလွန်မက်စ်က အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံ ပေးဝယ်ပြီးနောက် တွစ်တာကို အပြောင်းအလဲတွေ အများကြီး ပြုလုပ်ခဲ့ပါတယ်။ ဝန်ထမ်းတွေကို လျှော့ချပစ်တာအပြင် တွစ်တာရဲ့ စီးပွားရေးကိုထိခိုက်စေနိုင်တယ်လို့ ဝေဖန်နေကြတဲ့ ကြားထဲကနေ မူရင်းလိုဂိုဖြစ်တဲ့ အပြာရောင်ငှက်ကလေးအစား သူအနှစ်သက်ဆုံးဖြစ်တဲ့ X ဆိုတဲ့ လိုဂိုကို ပြောင်းလဲပစ်လိုက်ပါတယ်။ အီလွန်မက်စ်ဟာ သူဝယ်ယူထားတဲ့တွစ်တာကို တရုတ်နိုင်ငံရဲ့ WeChat လိုပဲ အဲဒီပလက်ဖောင်းမှာ လူတွေပစ္စည်းဝယ်ယူတာနဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေ လုပ်ဆောင်လို့ရအောင် စဉ်းစားထားပါတယ်။

### ပြဿနာပိုကြီးလာ

ပြီးခဲ့တဲ့ ဧပြီလကစပြီး တွစ်တာကုမ္ပဏီဟာ ပိုက်ဆံပေးသွင်းထားခြင်းမရှိတဲ့ Blue check ပိုင်ရှင်တွေကို စတင်ဖယ်ရှားတာတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုဖယ်ရှားခံရတဲ့အထဲမှာ ဂျာနယ်လစ်တွေနဲ့ နာမည်ကျော် ဆယ်လီဘရစ်တီတွေရဲ့ အကောင့်တွေလည်း ပါဝင်ပါတယ်။ တွစ်တာကို ၄၄ ဘီလီယံတောင် ပေးဝယ်ခဲ့ပြီးတဲ့နောက် ဘဏ္ဍာရေးပြဿနာတွေကို ဖြေရှင်းဖို့အတွက် ငွေပြန်ရှာတာလို့လည်း ပြောလို့ရပါတယ်။ အဲဒီနောက် ဇူလိုင်လအတွင်းမှာတော့ ဇူကာဘတ်ရဲ့ Threads app ထွက်ပေါ်လာပါတော့တယ်။ အဲဒီအခါမှာ အီလွန်မက်စ်နဲ့ ဇူကာဘတ်တို့ကြား ပြဿနာဟာ ပိုပြီးကြီးလာပါတယ်။

### အင်စတာဂရမ်နဲ့လည်း ချိတ်ဆက်ထား

Threads အက်ပလီကေးရှင်းကို ဖန်တီးဖို့အတွက် ဖေ့စ်ဘွတ်ခ်ရဲ့ မက်တာကုမ္ပဏီဟာ တွစ်တာရဲ့ ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များနဲ့ အခြားသော အသိဉာဏ်ဆိုင်ရာမူပိုင်ခွင့်တွေကို တရားမဝင်အသုံးပြုခဲ့တယ်လို့ တွစ်တာဘက်က စွပ်စွဲလာပါတော့တယ်။ Threads အက်ပလီကေးရှင်းကို Twitter Killer လို့တောင် တင်စားခေါ်ဝေါ်လာကြပါတယ်။ Threads အက်ပလီကေးရှင်းဟာ တွစ်တာလို ကန့်သတ်မှုတွေမရှိဘဲ လူမှုကွန်ရက်မှာ လွတ်လွတ်လပ်လပ်ဆက်သွယ်နိုင်တဲ့ အက်ပလီကေးရှင်းတစ်ခုပါ။ အင်စတာဂရမ်နဲ့လည်း ချိတ်ဆက်ထားပါတယ်။ တွစ်တာရဲ့ အဓိကပြိုင်ဘက်လိုဖြစ်လာတဲ့ Threads အက်ပလီကေးရှင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းမှာ ကမ္ဘာအနှံ့သုံးစွဲသူပေါင်း သန်း ၃၀ ကျော်ရှိတယ်လို့ ဖေ့စ်ဘွတ်ခ်နဲ့ အင်စတာဂရမ် အော်ပရေတာတွေက ပြောပါတယ်။

ဇူလိုင် ၅ ရက်မှစတင်ကာ Threads အက်ပလီကေးရှင်းကို နိုင်ငံပေါင်း ၁၀၀ ကျော်တွင် သုံးစွဲနိုင်အောင် မက်တာကုမ္ပဏီက ပြုလုပ်ပေးခဲ့ပါတယ်။

### အကြိတ်အနယ် ယှဉ်ပြိုင်နေကြ

အဲဒီ အက်ပလီကေးရှင်းနဲ့ ပတ်သက်ပြီး တွစ်တာကုမ္ပဏီကနေ မက်တာကုမ္ပဏီရဲ့ စီအီးအိုဖြစ်သူ မာ့ခ်ဇူကာဘတ်ထံ စာတစ်စောင်ပေးပို့ခဲ့တယ်လို့ အမေရိကန်မီဒီယာတွေမှာ ဇူလိုင် ၆ ရက်က ဖော်ပြထားပါတယ်။ မက်တာကုမ္ပဏီဟာ အက်ပလီကေးရှင်းအသစ် ဖန်တီးဖို့အတွက် ယခင်တွစ်တာက ဝန်ထမ်းဟောင်းတွေကို ငှားရမ်းခဲ့တယ်လို့ တွစ်တာက စွပ်စွဲထားပါတယ်။ ဒီကိစ္စကြောင့်တော့ သူတို့နှစ်ယောက် သံလှောင်ချိုင့်ထဲမှာ တကယ်မထိုးသတ်ကြသေးပေမယ့် နည်းပညာနယ်ပယ်မှာတော့ တစ်ယောက်နဲ့တစ်ယောက် အကြိတ်အနယ် ယှဉ်ပြိုင်နေကြပါပြီ။

### နှစ်ယောက်ကြားက အငြင်းပွားမှုတစ်ခု

အသိဉာဏ်တု (အေအိုင်) စနစ်ဟာ ကြောက်ဖို့ကောင်းပြီး အေအိုင်စနစ်နဲ့ ပတ်သက်တာတွေ ကန့်သတ်ထားဖို့ အီလွန်မက်စ်က ပြောခဲ့ပါတယ်။ စစ်ဆေးထားခြင်းမရှိတဲ့ အေအိုင်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် လူသားမျိုးနွယ်အတွက် ဘေးဒုက္ခဆိုးကြီး ကျရောက်လာနိုင်တယ်လို့လည်း အီလွန်မက်စ်က သတိပေးခဲ့ပါတယ်။ ဇူကာဘတ်ရဲ့ မက်တာကုမ္ပဏီကြီးကတော့ အေအိုင်နဲ့ပတ်သက်ပြီး ပိုပြီးထဲထဲဝင်ဝင်လုပ်ဆောင်နေပါတယ်။ ဒါကလည်း သူတို့ နှစ်ယောက်ကြားက အငြင်းပွားမှုတစ်ခုပါပဲ။

### ထိုးသတ်မယ့်နေရာအကြောင်း ဆွေးနွေး

သံလှောင်ချိုင့်ထဲက ထိုးသတ်ပွဲအကြောင်းပြောရမယ်ဆိုရင် ဇူကာဘတ်ဟာလည်း ဂျူဂျစ်ဆုပြိုင်ပွဲမှာ ရွှေတံဆိပ်နဲ့ ငွေတံဆိပ်ဆုတွေ ရရှိထားဖူးတဲ့သူ တစ်ယောက်ပါ။ အီလွန်မက်စ်ရဲ့ ထိုးသတ်ဖို့ စိန်ခေါ်မှုကို လက်ခံပြီးတဲ့နောက် သူတို့နှစ်ယောက် ဘယ်နေရာမှာ ထိုးသတ်ကြမှာလဲဆိုတာ နောက်ထပ်စိတ်ဝင်စားစရာ ကောင်းတဲ့အချက် တစ်ချက်ဖြစ်လာပါတယ်။ အီလွန်မက်စ်ကတော့ သူတို့နှစ်ယောက် ထိုးသတ်ဖို့နေရာနဲ့ ပတ်သက်ပြီး အီတလီအစိုးရနဲ့ စကားပြောဆိုနေပါတယ်။ အီတလီနိုင်ငံအတွင်း သမိုင်းဝင်နေရာတစ်ခုမှာ သူတို့နှစ်ယောက်ရဲ့ ထိုးသတ်ပွဲပြုလုပ်ဖို့ ပြောဆိုထားတာပါ။ အီတလီယဉ်ကျေးမှုဝန်ကြီး ဂျနေယိုးဆန်ဂျူလီယာနိုကတော့ သူ့အနေနဲ့ ပွဲကျင်းပမယ့်နေရာကို ဆွေးနွေးနေပေမယ့် ရောမမြို့မှာတော့ လုပ်ဖြစ်မှာမဟုတ်ဘူးလို့ ပြောပါတယ်။ အီလွန်မက်စ်နဲ့ ဖုန်းနဲ့ဆွေးနွေးခဲ့တာပဲ ဖြစ်ပါတယ်။ သူနဲ့ ဇူကာဘတ်တို့ရဲ့ ထိုးသတ်မှုကို ဖေ့စ်ဘွတ်ခ်နဲ့ တွစ်တာတို့မှာ တိုက်ရိုက်ပြသသွားမယ်လို့လည်း သူကပြောပါတယ်။ တွစ်တာရဲ့ စီအီးအို လင်ဒါယာကရီနိုကတော့ အီလွန်မက်စ်နဲ့ ဇူကာဘတ်တို့ရဲ့ ထိုးသတ်ပွဲ အစီအစဉ်ကို မေးခွန်းထုတ်ခဲ့ပြီး သူတို့နှစ်ယောက်ရဲ့ ပွဲနဲ့ပတ်သက်ပြီး စပွန်ဆာတွေအတွက်ကတော့ တကယ့်ပွဲကြီးပွဲကောင်းပဲလို့ ဟာသပြောခဲ့ပါတယ်။ တကယ် ထိုးဖြစ် မထိုးဖြစ်ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမှာပါပဲ။ ။

ကိုးကား - သည်ဂါဒီးယန်း၊ ဆင်ဟွာ

ဇူကာဘတ်ဟာလည်း ဂျူဂျစ်ဆုပြိုင်ပွဲမှာ ရွှေတံဆိပ်နဲ့ ငွေတံဆိပ်ဆုတွေ ရရှိထားဖူးတဲ့သူ တစ်ယောက်ပါ။ အီလွန်မက်စ်ရဲ့ ထိုးသတ်ဖို့ စိန်ခေါ်မှုကို လက်ခံပြီးတဲ့နောက် သူတို့နှစ်ယောက် ဘယ်နေရာမှာ ထိုးသတ်ကြမှာလဲဆိုတာ နောက်ထပ်စိတ်ဝင်စားစရာ ကောင်းတဲ့အချက် တစ်ချက်ဖြစ်လာပါတယ်။ အီလွန်မက်စ်ကတော့ သူတို့နှစ်ယောက် ထိုးသတ်ဖို့နေရာနဲ့ ပတ်သက်ပြီး အီတလီအစိုးရနဲ့ စကားပြောဆိုနေပါတယ်။ အီတလီနိုင်ငံအတွင်း သမိုင်းဝင်နေရာတစ်ခုမှာ သူတို့နှစ်ယောက်ရဲ့ ထိုးသတ်ပွဲပြုလုပ်ဖို့ ပြောဆိုထားတာပါ

# မြန်မာသတင်းစာသက်တမ်း ၁၈၇ နှစ်ပြည့်ခရီးနှင့် ၁၀၉ နှစ်ပြည့် သမိုင်းဝင် မြန်မာ့အလင်း (အပိုင်း- ၃)

**သီဟစည်သူ**

*(ယမန်နေ့မှအဆက်)*

## လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အကူအညီ

၁၉၃၉ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အင်္ဂလိပ်နှင့် ဟစ်တလာ၏ ဂျာမနီတို့ စစ်ကြေညာပြီး ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီးကြီး ပေါက်ကွဲတောက်လောင်နေသော အချိန်အခါသမယ ဖြစ်သည်။ ထိုအချိန်တွင် ဗမာ့ထွက်ရပ် ဂိုဏ်းဝင်သခင်များသည် “အင်္ဂလိပ်အခက် – ဗမာ့အချက်”ဟူသော ကြွေးကြော်သံဖြင့် ၁၉၃၉ ခုနှစ် အောက်တိုဘာလထဲတွင် ဗမာ့ထွက်ရပ်ဂိုဏ်းကို စတင်ဖွဲ့စည်းခဲ့သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းအတွင်းရေးမှူးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ် ဩဂုတ် ၈ ရက်တွင် မြန်မာနိုင်ငံမှပြည်ပသို့ ထွက်ခွာသွားခဲ့ပြီး စစ်ကူရှာဖွေခဲ့လေသည်။ ယင်းကိစ္စတွင် မြန်မာ့အလင်းမှ ဦးချစ်မောင်နှင့် တိုက်အုပ်ဦးတင်တို့က ငွေရေးကြေးရေးမှအစ အကူအညီ ထိထိရောက်ရောက်ပေးခဲ့ကြသည်။ ထို့ပြင် ဦးချစ်မောင်က ဗိုလ်ချုပ်အောင်ဆန်း ထွက်ပေါက်ချောင်အောင် ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်ထဲ၌ပင် ရှိနေသယောင် မြန်မာ့အလင်းသတင်းများတွင် ရေးသားဖော်ပြ၍ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ စုံထောက်များကို မျက်စိလည်အောင် လှည့်စားပေးခဲ့သည်ဟု ဆိုသည်။ ထို့အတူ ၁၉၃၀ ပြည့်နှစ် ဂျူဗလီဆရာစံ လယ်သမားအရေးတော်ပုံကြီး၊ ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်၊ ဗိုလ်အောင်ကျော်အရေး၊ လွတ်လပ်ရေးအတွက် အမျိုးသားရေး စိတ်ဓာတ်များ ရှင်သန်နိုးကြားလာစေရေးတို့အတွက် သတင်း၊ ဆောင်းပါး၊ ကာတွန်း အစရှိသည်တို့ဖြင့် ရေးသားဖော်ပြခဲ့လေသည်။




၁၈-၇-၁၉၇၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာပါ “မြန်မာ့အလင်းအယ်ဒီတာအခန်းထဲ၌ ရေးခဲ့သော သမိုင်းဝင်ကျေညာချက်တစ်စောင်”ဆောင်းပါး။





၂၂-၁၀-၁၉၄၆ ခုနှစ်၊ အင်္ဂါနေ့အထူးထုတ် မြန်မာ့အလင်းသတင်းစာပါ ဗိုလ်ချုပ်အောင်ဆန်းက ကွန်မြူနစ်ပါတီအား ဖဆပလတပ်ပေါင်းစုကြီးမှ ထုတ်ပစ်ရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားသည့် သတင်း။

## သမိုင်းဝင်ကြေညာစာတမ်းကြီး

လွတ်လပ်ရေးအကြိုကာလ ၁၉၄၆ ခုနှစ် အောက်တိုဘာ ၁၉ ရက် ညပိုင်းက ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ မြန်မာ့အလင်း သတင်းစာတိုက် အယ်ဒီတာခန်း၌ ပုဂ္ဂိုလ်ကြီး သုံးဦးတို့သည် စကားပြောလိုက် စာရေးလိုက်နှင့် အလုပ်များ လျက်ရှိကြသည်။ ထို့နောက် ၎င်းတို့တိုင်ပင်ဆွေးနွေးပြီးနောက် ရေးသားထားသည့် စာတမ်းတစ်စောင်ကို ထိုအချိန်က မြန်မာ့အလင်း စာစီဌာနမှ ဖိုမင်ချုပ် ဦးသန်းဆောင်နှင့် နေ့စာဖောင်သွင်း ဦးထွန်းတင်တို့နှစ်ဦးအား စာစီစေခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးသုံးဦးတို့၏ ကြေညာချက်မှာကား သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ တပ်ပေါင်းစုကြီးထဲမှ ထုတ်ပစ်လိုက်သည့် ကြေညာချက်ပင် ဖြစ်လေသည်။ ထိုကြေညာချက်ကို မြန်မာ့အလင်း၏ အယ်ဒီတာအခန်းထဲတွင် လာရောက်ရေးသားခဲ့သူ သုံးဦးမှာကား ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယဥက္ကဋ္ဌ သခင်နုနှင့် ဖဆပလအဖွဲ့ချုပ် အမှုဆောင်လူကြီး မြန်မာ့အလင်း တိုက်အုပ် ဦးတင်တို့ပင်ဖြစ်လေသည်။ ယင်းကြေညာချက်မှာ များမကြာမီ ရက်အတွင်း သတင်းစာများ၏ ရှေ့ဖုံးစာမျက်နှာများတွင် သတင်းကြီးတစ်ပုဒ်အဖြစ် ပါရှိလာခဲ့ပေတော့သည်ဟု မြန်မာ့အလင်းသတင်းစာ အယ်ဒီတာတစ်ဦး အမည်ဖြင့် ၁၈-၇-၁၉၇၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေးသားခဲ့သည်။ ယင်းနောက် အောက်တိုဘာ ၂၀ ရက်တွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလတပ်ပေါင်းစုကြီးထဲမှ ထုတ်ပစ်လိုက်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက လူထုအား ရှင်းပြခဲ့သည်။ အဆိုပါ လူထုအစည်းအဝေး၌ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ အဖွဲ့ချုပ်ကြီးက တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရေးအတွက် ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပြန်ကြားပေးရန် ဘိလပ်အစိုးရအား ရာဇသံပေးလိုက်တော့သည်။

> **“ ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်က အဏုမြူဗုံးချလိုက်ပြီးနောက် ဩဂုတ် ၁၄ ရက်တွင် ဂျပန်ဧကရာဇ် ဟီရိုဟီတိုက ဂျပန်လူထုအား ဂျပန်တို့ စစ်ရှုံးပြီဖြစ်ကြောင်းနှင့် မဟာမိတ်တို့၏ ပို့စဒမ်ကြေညာစာတမ်းကို လက်ခံလိုက်ပြီဖြစ်ကြောင်း တိုကျိုအသံလွှင့်ဌာနမှ အသံလွှင့်ကြေညာခဲ့လေသည်။ ယင်းသတင်းကို ရေဒီယိုမှ ဖမ်းယူရရှိခဲ့သော ဆရာဝန်ကြီး ဒေါက်တာဘသန်း (နောင်ဆေးတက္ကသိုလ် ပါမောက္ခချုပ်)က ဝမ်းသာအားရဖြင့် မြန်မာ့အလင်းသတင်းစာတိုက်သို့ ပြေးလာပြီး ဂျပန်တို့ လက်နက်ချလိုက်ပြီဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီဖြစ်ကြောင်းကို တိုက်အုပ်ဦးတင်ထံ သတင်းပေးရာမှ ယင်းနေ့၌ပင် စစ်ကြီးပြီးပြီဟူသော သတင်းထူးသတင်းဦးကို ညနေခင်းအထူးထုတ် မြန်မာ့အလင်းသတင်းစာတွင် ပထမဆုံး ဖော်ပြနိုင်ခဲ့ ”**




၁၄-၈-၁၉၄၅ ရက်နေ့ထုတ် မြန်မာ့အလင်းညနေသတင်းစာပါ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးကြောင်းသတင်း။

## စစ်ကြီးပြီးပြီ

ဂျပန်ခေတ်အတွင်း သတင်းစာ ဆက်လက်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထုတ်ဝေနိုင်ရေးအတွက် အယ်ဒီတာချုပ် ဦးသန်းတင့်(ရှုဝံ)နှင့် အယ်ဒီတာအဖွဲ့ဝင်များက ကြိုးစား ဆောင်ရွက်ခဲ့ကြရာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)က ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်လိုက်ပြီးနောက် နှစ်ရက်အကြာ ၁၉၄၅ ခုနှစ် မေလ ၃ ရက်နေ့တွင် သတင်းစာကို ဆက်လက် ထုတ်ဝေနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်က အဏုမြူဗုံးချလိုက်ပြီးနောက် ဩဂုတ် ၁၄ ရက်တွင် ဂျပန်ဧကရာဇ် ဟီရိုဟီတိုက ဂျပန်လူထုအား ဂျပန်တို့ စစ်ရှုံးပြီဖြစ်ကြောင်းနှင့် မဟာမိတ်တို့၏ ပို့စဒမ်ကြေညာစာတမ်းကို လက်ခံလိုက်ပြီဖြစ်ကြောင်း တိုကျိုအသံလွှင့်ဌာနမှ အသံလွှင့်ကြေညာခဲ့လေသည်။ ယင်းသတင်းကို ရေဒီယိုမှ ဖမ်းယူရရှိခဲ့သော ဆရာဝန်ကြီး ဒေါက်တာဘသန်း (နောင် ဆေးတက္ကသိုလ်ပါမောက္ခချုပ်)က ဝမ်းသာအားရဖြင့် မြန်မာ့အလင်း သတင်းစာတိုက်သို့ ပြေးလာပြီး ဂျပန်တို့ လက်နက်ချလိုက်ပြီဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီဖြစ်ကြောင်းကို တိုက်အုပ်ဦးတင်ထံ သတင်းပေးရာမှ ယင်းနေ့၌ပင် စစ်ကြီးပြီးပြီဟူသော ညနေခင်း အထူးထုတ် မြန်မာ့အလင်းသတင်းစာတွင် သတင်းထူး သတင်းဦးကို ပထမဆုံး ဖော်ပြနိုင်ခဲ့လေသည်။ ဒေါက်တာဘသန်း၏ နေအိမ်မှာ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ယခင် မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကပ်လျက်တွင်ရှိသော ဆရာခိုလမ်းထဲတွင် ရှိခဲ့သည်ဟုဆိုသည်။ ဤသည်တို့မှာကား မြန်မာ့အလင်းသတင်းစာကြီးက တိုင်းပြည်ကောင်းစားရေး အတွက် ဆောင်ရွက်မှုများအနက်မှ အနည်းငယ် ထုတ်နုတ်ဖော်ပြခဲ့ခြင်းသာ ဖြစ်သည်။

**မြန်မာ့အလင်းဝိုင်းတော်သားများ**

မြန်မာ့အလင်း သတင်းစာခေတ်ဦးတွင်ပါဝင်ခဲ့ကြသည့် သတင်းစာဝိုင်းတော်သားများတွင် မြန်မာ့အလင်း ဦးစိန်း၊ ဒီးဒုတ် ဦးဘချို၊ ဗန္ဓုလဦးစိန်၊ ဆရာသင်၊ ယောဂီဦးတင်၊ ဝန်ကြီးဟောင်း ဦးတင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဦးမောင်မောင်ခင်၊ ဦးသန်းတင့်(ရှုဝံ)၊ ဦးသိန်း(ဇဝန)၊ ဦးသောင်းညွန့်(ရွှေပိန်သောင်း)၊ ဦးပုကလေး၊ ဦးထွန်းရှိန်၊ ဦးစောဦး(ဂုဏ်ရောင်)၊ ဦးယုမောင် (ရန်ကုန်သတင်းစာ)၊ သခင်ဗဟိန်းတို့နှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဦးနု၊ သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)၊ သခင်သန်းထွန်း (သုပဏ္ဏက)၊ အကြံပေးအရာရှိဟောင်း ဦးအုန်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်တို့ ဖြစ်ကြသည်။ မြန်မာ့အလင်းသတင်းစာတွင် ပင်တိုင်ရေး ကာတွန်းဆရာကြီးများ အနေဖြင့် ဦးဘဂျမ်း၊ ဦးဟိန်စွန်း၊ ဦးဖေသိန်း၊ ဦးသန်းကြွယ်၊ ဦးအောင်ရှိန်နှင့် ဦးကျော်ဆန်း စသူတို့ ပါဝင်ခဲ့ကြလေသည်။ စစ်ပြီးခေတ် မြန်မာ့အလင်းကာတွန်းများအနက် ၁၉၅၂ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးပါ ကာတွန်းဦးဖေသိန်း၏ ကာတွန်းကို ထိုစဉ်က စက်မှုလက်မှုဝန်ကြီး ဆမားဒူးဝါး ဆင်ဝါးနောင်က သဝဏ်လွှာနှင့်အတူ ငွေ ၁၀၀ ချီးမြှင့်ခြင်းခံရသည့်အထိ လက်သံပြောင်မြောက်ခဲ့ကြောင်း သိရပေသည်။




၃-၁၁-၁၉၅၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စက်မှုလက်မှုဝန်ကြီး ဆမားဒူးဝါး ဆင်ဝါးနောင်က ငွေ ၁၀၀ ချီးမြှင့်ခဲ့သည့် ကာတွန်းဦးဖေသိန်း၏ လက်ရာ။

မြန်မာ့အလင်းတွင် စောစောပိုင်းအချိန်၌ ခေါင်းကြီးပိုင်းကို ဦးစိန်း၊ ဆရာသင်နှင့် လွယ်အိတ်ကြီး ဦးဘလှိုင်တို့က ရေးသားခဲ့ကြသည်။ ဂျာနယ်ကျော် ဦးချစ်မောင် လက်ထက်တွင် ဦးချစ်မောင်ကိုယ်တိုင်လည်း ရေးသားခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နုတို့လည်း ရေးသားခဲ့လေသည်။ ၎င်းတို့အနက် ဂျာနယ်ကျော် ဦးချစ်မောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဆရာသိန်းဖေမြင့်နှင့် ဦးသန့်တို့သည် မြန်မာ့အလင်း၏ အောင်မြင်သော ခေါင်းကြီးရေးဆရာများ ဖြစ်ခဲ့သည်ဟု ဆိုလျှင် မမှားနိုင်ပေ။

၁၉၁၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သော မြန်မာ့အလင်းသတင်းစာကြီးသည် သက်တမ်းရင့်သတင်းစာကြီး ဖြစ်သည့်အပြင် ခေတ်အဆက်ဆက် သမိုင်းတစ်လျှောက် သတင်းစာတည်တံ့ခိုင်မြဲရေးအတွက် ဖွံ့ရှိရှိ၊ သစ္စာရှိရှိဖြင့် ကြိုးပမ်းထိန်းသိမ်းခဲ့သည်။ မြန်မာ့အလင်းသတင်းစာသည် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်နှင့် ခေတ်ပြောင်းတော်လှန်ရေး ကာလတစ်လျှောက်တွင် ဣန္ဒြေရှိရှိဖြင့် ထုတ်ဝေနိုင်ခဲ့သည်။

ဤသို့ သမိုင်းတစ်လျှောက်ထူးခြားဖြစ်စဉ်များအား မှတ်တမ်းတင်လာခဲ့သည့် လက်ရှိထုတ်ဝေဆဲ မြန်မာသတင်းစာများအနက် သက်တမ်းအရှည်ဆုံးဖြစ်သည့် မြန်မာ့အလင်းသတင်းစာကြီးသည် ၁၉၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်မှ စတင်၍ နေ့စဉ်သတင်းစာအဖြစ် ဆက်လက်ထုတ်ဝေလာခဲ့ရာ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် သက်တမ်း ၁၀၉ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါသည်။

အမှန်တကယ်တော့ “သတင်းစာလုပ်ငန်းသည် စိတ်ပင်ပန်း၊ လူပင်ပန်းခံ၍ လုပ်ရသော အလုပ်တစ်ခု၊ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရသော စုပေါင်းတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ သတင်းစာသမားများသည် နံနက်အရုဏ်တက်ချိန်အလှကို မမြင်ရသလို ညနေနေဝင်ဆည်းဆာချိန် အလှကိုလည်း မမြင်နိုင်ကြရရှာပါ။ လောကတွင် အလှဆုံးအချိန်နှစ်ခုကို မခံစားရရှာသူများဖြစ်သည်။ သတင်းစာ မရိုက်မီကလည်း အချိန်မီရိုက်နိုင်ရန် တစိုက်မတ်မတ်ဆောင်ရွက်ကြရသည်။ ရိုက်နှိပ်ဖြန့်ချိပြီးပြန်တော့လည်း အမှားအယွင်းများ မတော်တဆပါသွားမည်လားဟု စိုးရိမ်ကြောင့်ကြနေကြရသည်။ မည်သို့ရှိစေ သတင်းစာသမားတို့သည် မိမိတို့ ဝါသနာကြီးလှသော သတင်းစာလုပ်ငန်းကို မစွန့်ရက်၊ မခွာရက်၊ သံယောဇဉ် အမျှင်တန်းတန်းဖြင့် မနားမနေ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်လျက်သာ ရှိနေကြပါသည်။ သတင်းစာလုပ်ငန်း၏ တာဝန်ကား ကြီးမားလှသကဲ့သို့ ပင်ပန်းလှပါသည်။ ထို့ပြင် ပြည်သူကို နား၊ မျက်စိ ဖွင့်ပေးလိုသော သတင်းစာသမား၏ စေတနာသည်လည်း အတိုင်းအဆ ကြီးမားလှပါသည်” ဟု သတင်းစာဆရာကြီး တက္ကသိုလ်တင်ခက သတင်းစာသင်တန်းပို့ချချက် ဘာသာရပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှုခင်းများ ကြားနာစစ်ဆေးစီရင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၃**

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ မှုခင်းများ ကြားနာစစ်ဆေးစီရင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ် တက်ရောက် အမှာစကား ပြောကြားသည်။

အမှာစကားပြောကြားရာတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ရောက်ပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ၊ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ကြေညာပြီးဖြစ်၍ တရားရုံးများတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားစွဲမှုများလည်း များပြားလာမည်ဖြစ်ကြောင်း၊ တရားရုံးများအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးကို တရားစီရင်ရေးကဏ္ဍမှ ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်နှင့် အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဟူသည့် တရားစီရင်ရေး မဟာဗျူဟာပန်းတိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆောင်ရွက်ချက်များနှင့် Judicial Review ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်ကျော်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ တရားမကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေးစီရင်ခြင်း ခေါင်းစဉ်ဖြင့် ခရိုင်တရားသူကြီး(၁) ဦးမင်းသန့်၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရ ရာဇဝတ်ကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေး စီရင်ခြင်း ခေါင်းစဉ်ဖြင့် ခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးသန့်စင်ငြိမ်းတို့က ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ဥပဒေပညာရှင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။



ကျောက်တံတားခရိုင်တရားရုံး တွဲဖက်

**အောင်မြင့်(ပြန်/ဆက်)**

## ဖျာပုံခရိုင်အတွင်း မြို့နယ်လေးခု၌ ရေငန် ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဖျာပုံ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ဖျာပုံခရိုင် မြို့နယ်လေး မြို့နယ်မှ ရေငန် ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရေငန် ငါး၊ ပုစွန်တိုးချဲ့မွေးမြူရေး ညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက်က ပြုလုပ်သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိများက ရေငန်ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဖျာပုံ၊ဒေးဒရဲ၊ဘိုကလေးမြို့နယ်များမှ ရေငန် ငါး၊ ပုစွန် တိုးချဲ့မွေးမြူမည့် လုပ်ငန်းရှင်များနှင့် အမာမြို့ ရေငန်ငါး၊ ပုစွန် တိုးချဲ့မွေးမြူမည့်လုပ်ငန်းရှင်များက ရေငန်ငါး၊ ပုစွန်များ တိုးချဲ့မွေးမြူရာတွင် လိုအပ်သော ငါး၊ ပုစွန် သားပေါက်များ၊ အရင်းအနှီးငွေကြေးလိုအပ်ချက်များနှင့် လုပ်သားရှားပါးမှု စသော အခက်အခဲများရှိကြောင်း ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ်လ(ပထမပတ်)တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှု အနေဖြင့် ဇူလိုင်လ (နောက်ဆုံးပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၆၀၀၀၊ တန်အားဖြင့် ၂၈၀၀ စီးထွက်ခဲ့ကြောင်း သိရသည်။

ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ရန်ကုန်သို့ အိတ်ရေ ၁၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၄၉၀၀၀၊ တန်အားဖြင့် ၂၄၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၇၀၀၀၊ တန်အားဖြင့် ၃၅၀ လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၌ ဩဂုတ်လ(ပထမပတ်)တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## ကျောက်ဆည်ခရိုင်အတွင်း မိုးကြိုဝါများ စတင်ထွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စပါး၊ ပဲ၊ ပြောင်း၊ ကြက်သွန်တို့အပြင် လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် ထုတ်လုပ်သည့် ချည်မျှင်ရှည်ဝါများကိုလည်း အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ခရိုင်အတွင်း၌ မိုးကြိုဝါစိုက်ဧက ၁၂၁၉ ဧက စိုက်ပျိုးထားရှိပြီး မျိုးအနေဖြင့် တောင်သူအများစုမှာ ငွေချည်-၆ နှင့် အိန္ဒိယမျိုး (ရာကာ) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုအပါအဝင် ကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

